# ကြေးမုံ
# The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ စနေနေ့။ Saturday, 23 September 2023 ၁၁၂၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မိတ္ထီလာမြို့ သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ အကြိမ်(၁၄၀) မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါစေတီတော်မုခ်ဦးအနီးနှင့် လှေပြိုင်ပွဲဆုပေးမဏ္ဍပ်၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

### ယနေ့ ဖတ်စရာ


**၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း**
စာမျက်နှာ » ၃

**ပဲခူးတိုင်းဒေသကြီးဖွံ့ဖြိုးဖို့ ကျေးရွာထုတ်ကုန်များ အားပေးစို့**
ဆောင်းပါး စာမျက်နှာ » ၆


## ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့

နေပြည်တော် စက်တင်ဘာ ၂၂

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍




Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊
မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

Myanmar MOBILE MONEY
anywhere anytime anyone

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ကြေးမုံ

# ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကြိုတင်ပြင်ဆင် သတိပြုကာကွယ်

၂၀၂၃ ခုနှစ် နွေရာသီကို အပူဆုံးနှစ်အဖြစ် နာဆာမှ ရာသီဥတုဆိုင်ရာသိပ္ပံပညာရှင်များက မှတ်တမ်းတင်ထားကြောင်း သိရသည်။ စက်တင်ဘာလ ၁၄ ရက်နေ့တွင် အသိပေးချက်အရ လာမည့်နွေရာသီ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့တွင် နာဆာမှ မှတ်တမ်းတင်ထားသည့် အခြားသောနှစ်များထက် သုည ဒသမ ၄၁ ဒီဂရီဖာရင်ဟိုက်ထက် ပိုပူမည်ဖြစ်ကြောင်း၊ ၁၉၅၁ ခုနှစ်၊ ၁၉၈၀ ပြည့်နှစ် နွေရာသီပျမ်းမျှအပူချိန်ထက် ၂ ဒသမ ၁ ဒီဂရီဖာရင်ဟိုက် ပိုပူမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

နာဆာသည် တစ်ကမ္ဘာလုံးဆိုင်ရာ အပူချိန်မှတ်တမ်းကို ၁၈၈၀ ပြည့်နှစ်မှစတင်၍ မှတ်တမ်းတင်ခဲ့သည်။ လက်ရှိတွင် ကနေဒါနှင့် ဟာဝိုင်ရီတို့၌ ပြင်းထန်သည့်တောမီးလောင်မှုနှင့် ကမ္ဘာတစ်ဝန်း အပူချိန်မြင့်မားမှုတို့ဖြစ်ပေါ်နေသည့်အပေါ်မူတည်၍ လာမည့်နွေရာသီကာလတွင် အပူချိန်မြင့်မားမှုကို တွက်ချက်ထားခြင်းဖြစ်သည်။ ရာသီဥတုဆိုင်ရာ မိုးလေဝသပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ယခုကာလမှစတင်၍ အပူချိန်ပြင်းထန်မှုကိုဖြစ်စေသည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် စတင်ဖြစ်ပွားနေပြီး ၂၀၂၄ ခုနှစ်အထိ သက်ရောက်မှုရှိနေမည်ဖြစ်၍ မုတ်သုံအလွန်ကာလများတွင် အပူချိန်မြင့်မားမှုကို နိုင်ငံများအနေဖြင့် သတိပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အယ်လ်နီညိုဖြစ်ပေါ်သည့်နှစ်များတွင် တစ်နိုင်ငံလုံး၌ နွေကာလတွင် ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ရေရှားမှုပြဿနာများနှင့် ကြုံတွေ့ရခြင်း၊ မုတ်သုံမိုးနည်းခြင်း၊ အနောက်တောင်မုတ်သုံလေ အဝင်နောက်ကျခြင်း၊ မုတ်သုံလေအထွက်စောခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်မှုပုံမှန်အောက်လျော့နည်းခြင်း စသည့်မိုးလေဝသနှင့် ရာသီဥတုအပြောင်းအလဲဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။ ယခုနှစ်မိုးရာသီတွင် မုတ်သုံလေပုံမှန်ထက်လျော့နည်းသော်လည်း မိုးအားကောင်းမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေနေသည်။ လာမည့်မုတ်သုံရာသီတွင် ပုံမှန်ထက် မုတ်သုံတိုတောင်းသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အခက်အခဲမရှိအောင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

ထို့ကြောင့် မုတ်သုံတိုတောင်းသောကြောင့် အပူချိန်မြင့်မားသော နွေကာလများ ရှည်လျားသဖြင့် ကျန်းမာရေးဆိုင်ရာပြဿနာများ၊ စိုက်ပျိုးရေ၊ သောက်သုံးရေရှားပါးမှုပြဿနာများကို သတိပြုရမည်ဖြစ်သည်။ ၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် အင်အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ၂၀၁၀ ပြည့်နှစ် မေလ၌ အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ အမြင့်ဆုံးအပူချိန် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်ဖြင့် စံချိန်သစ်တင်ခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အပူချိန်မြင့်မားမှုဒဏ်ကို ခံစားခဲ့ကြရသည်။ ထို့အပြင် အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးကန်တွင် ရေခန်းခြောက်မှုဖြစ်စဉ်များဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံ မြေလတ်ဒေသတွင်သောက်သုံးရေပြတ်လပ်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။

အပူချိန်ပြင်းထန်သော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတွင် ကြုံတွေ့နိုင်ဖွယ်ရှိသော မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ အစွန်းရောက်ဖြစ်စဉ်များကို ပြည်သူလူထုအနေဖြင့် သိရှိနားလည်ပြီး ကြိုတင်ပြင်ဆင်သတိပြု၍ ကာကွယ်မှုများ ပြုလုပ်သင့်ပါသည်။ ယခုအခါ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့်တကွ သက်ဆိုင်ရာနိုင်ငံများမှ မိုးလေဝသပညာရှင်များ၏ သချာ်ပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၃ ခုနှစ် ဇွန်လတွင် အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေကို တွေ့ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေကို တွေ့ရှိထားကြသည်။ လာမည့်ကာလများ အထူးသဖြင့် နွေရာသီကာလများတွင် အယ်လ်နီညိုအပူချိန် မြင့်မားလာမည်မှာ သေချာနေသည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်သည် ကမ္ဘာ့လူသားအားလုံးတို့အပေါ်တွင် သက်ရောက်မှုရှိမည်ဖြစ်၍ မိုးလေဝသဖြစ်စဉ်များကို အစဉ်သတိပြုရန်လိုအပ်ပြီး လုပ်ဆောင်ဖွယ်ရာများကို နိုင်ငံအစိုးရနှင့်အတူ ကြိုတင်ပြင်ဆင်လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် မိုးလေဝသရာသီဥတုတို့အပေါ် အမှီပြုဆောင်ရွက်နေကြရသည့် ရေသယံဇာတ၊ စိုက်ပျိုးရေးနှင့်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍများတွင် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်သည်။ လတ်တလောဖြစ်ပေါ်နေသော အယ်လ်နီညိုနောက်ဆက်တွဲအကျိုးဆက်များကို ကမ္ဘာတစ်ဝန်းလုံးကြုံတွေ့နေပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် လက်ရှိဖြစ်ထွန်းနေသော စိုက်ပျိုးရေ၊ သောက်သုံးရေများကို စနစ်တကျသုံးစွဲပြီး အနာဂတ်ကာလများအတွက်ပါ ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် ဝန်ထမ်းများသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် (၇၈) ရပ်ကွက် အောင်ချမ်းသာ ပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက်တွင် သံဃာတော်များ၊ စာချသံဃာတော်များနှင့် စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ယနေ့နံနက်ပိုင်းတွင် ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ(ဒုတိယ)အကြိမ် စုပေါင်းသွေးလှူ

**နေပြည်တော် စက်တင်ဘာ ၂၂**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင် ၁၀ ဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၂၄ ဦး စုစုပေါင်း ၃၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၌ (ဒုတိယ)အကြိမ် စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး(ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး) ရဲမှူးချုပ် တင်ကိုကို ဦးဆောင်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမော်ဦးတို့ တက်ရောက်အားပေးခဲ့ပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။



ယင်းနောက် (၅၉)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အတွက် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့က အလှူငွေကျပ် ၁၀ သိန်း၊ ရဲမှူးချုပ် တင်ကိုကိုနှင့်ဇနီးမိသားစုတို့က အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမော်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၄၀၁ | ၃,၆၀၅,၈၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၅၀ | ၁,၆၃၉ | ၄,၈၄၄,၆၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၂,၃၈၇ | ၄,၀၅၄,၉၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၃ | ၇,၂၀၀ |
| EFR | ၂,၂၀၀ | ၂,၂၀၀ | ၄၅၀ | ၉၉၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၁ | ၅၃,၉၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၂,၆၁၀ | ၄,၅၅၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ

အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၅ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၂။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆–က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ ဝင်ငွေခွန်ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(က)ပါ ဝင်ငွေခေါင်းစဉ်များအနက် လစာမှအပ ပြည်ပနေ နိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ရရှိသည့်နိုင်ငံခြားငွေအမျိုးအစားဖြင့် တစ်ဆယ်ရာခိုင်နှုန်း ဝင်ငွေခွန်စည်းကြပ်ရမည်။

(ခ) ဝင်ငွေခွန်နည်းဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ပနေ နိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းလစာဝင်ငွေအပေါ် အောက်ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကို ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်–

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ဤဥပဒေ၏ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းထားဖြင့် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ စည်းကြပ်ခြင်း၊

(၂) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆–က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ နှစ်ရာခိုင်နှုန်းဖြင့် တွက်ချက်၍ စည်းကြပ်ခြင်း။

(ဂ) ဤပုဒ်မအရ တွက်ချက်ရရှိသည့်အခွန်မှ တွက်ချက်သည့် ဝင်ငွေအမျိုးအစားအလိုက် ပြည်ပတွင်ပေးဆောင်ခဲ့ရသည့်အခွန်ကို ခုနှိမ်ပေးရမည်။"

၄။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၃၁ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၄)ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်နှင့် စဝ်အုမ်ခေး၊ ဗဟိုဦးစီးကော်မတီဝင် စဝ်စိုင်းဟန်နှင့် စဝ်စိုင်းလျန်းတို့ တက်ရောက်ကြသည်။

**ဆွေးနွေးညှိနှိုင်း**

တွေ့ဆုံဆွေးနွေးပွဲတွင် ပထမနေ့ ဆွေးနွေးပွဲ၌ မပြီးသတ်သေးသည့်ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးညီလာခံကျင်းပရေးကိစ္စနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယင်းနောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီအတွင်းရေးမှူး(၁) စဝ်စိုင်းငင်းတို့က နိဂုံးချုပ်အမှာစကားများပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❖ **မိတ္ထီလာမြို့မှ**



ဦးစွာ အကြိမ်(၁၄၀)မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် မြင့်သောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ အဖွဲ့ဝင်(၂) ဦးကျော်ဇေယျ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

**(ယာပုံ)** ဆက်လက်၍ မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို လှေပြိုင်ပွဲဆုပေးမဏ္ဍပ်တွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ လှေပြိုင်ပွဲတွင် အကြီးတန်းပြိုင်ပွဲ၌ ပြိုင်ပွဲဝင်လှေအသင်း ခြောက်သင်းနှင့် အငယ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လှေအသင်း ၂၀ ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သမိုင်းဝင်ဖောင်တော်ဦး စေတီတော်၏ အကြိမ်(၁၄၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

○ **ရခိုင်ပြည်နယ်မှ**

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ MV Royal Venus ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတို့မှ ပေးပို့သည့် ၉ မီတာ ကွန်ကရစ်မီးတိုင် အလုံး ၇၀၀၊ ဘိလပ်မြေ တန် ၁၀၀၀၊ သံချောင်း ၁၅၄၃ ဒသမ ၁၆ တန်၊ လုပ်ငန်းသုံးယာဉ် ခြောက်စီး၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဆေးဝါးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၃၂၉၃ ဒသမ ၃၁ တန် တင်ဆောင်၍ ယမန်နေ့ညပိုင်းက လည်းကောင်း၊ MV Charity ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံတို့မှ ပေးပို့သည့် ဆန် ၂၄ ပြည်အိတ် ၄၂၁၁၉ အိတ်၊ သံချောင်း ၆၃၃ ဒသမ ဂ၁ တန်၊ လုပ်ငန်းသုံးယာဉ် ခြောက်စီးနှင့် မီးစက် တစ်လုံး စုစုပေါင်းတန်ချိန် ၂၇၆၉ ဒသမ ၅၁ တန် တင်ဆောင်၍ ယနေ့ နံနက်ပိုင်းက လည်းကောင်း The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၃၆ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၅၀၃၃၂ ဒသမ ၉၃၂ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၂**

(၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (16th ASEAN Ministers' Responsible for Information and its related Meetings–AMRI)ကို ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ Furama Resort Danang ၌ ယနေ့နံနက် ၉ နာရီတွင် စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

**ဖွင့်ပွဲအခမ်းအနားကျင်းပ**

ရှေးဦးစွာ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကျင်းပရာ အခမ်းအနားကို အာဆီယံအထိမ်းအမှတ်သီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Manh Hung၊ ဒါနန်းမြို့အကြီးအကဲ ပါတီဗဟိုကော်မတီဝင် ဒုတိယသမ္မတ Mdm.Vo Thi Anh Xuan တို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ ဗီဒီယိုမှတ်တမ်းနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် (၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီးဖြစ်သည့် ထိုင်းနိုင်ငံက နှုတ်ဆက်စကားပြောကြားပြီး အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်နိုင်ငံမှ ဝန်ကြီး H.E.Nguyen Manh Hung က အဖွင့်အမှာစကား ပြောကြား၍ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံက နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးနှင့် အမှတ်(၂) ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pehin Dato Halbi Yussof၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Neth Pheaktra၊ အင်ဒိုနီးရှားနိုင်ငံ MCI RI မှ အထွေထွေ အတွင်းရေးမှူး Ms. Mira Tayyiba၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Phosy Keomanivong၊ မလေးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ် ဝန်ကြီးဌာန ဝန်ကြီး YB Ahmad Fahmi Fadzil၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ဖိလစ်ပိုင်ပြန်ကြားရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် H.E. Mr. Jose A. Torres, Jr.၊ စင်ကာပူနိုင်ငံ ဆက်သွယ်ရေးနှင့် ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယအတွင်းရေးမှူး Mr. Poon Hong Yuen၊ ထိုင်းနိုင်ငံ တွဲဖက်ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mrs. PUANGPET CHUNLAIAD၊ အိမ်ရှင်ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး H.E. Nguyen Thanh Lam၊ လွတ်လပ်သော တီမောလက်စ်တေနိုင်ငံ ပြည်ထောင်စုဝန်ကြီးများကောင်စီဥက္ကဋ္ဌ ဝန်ကြီး Dr. Expedito Loro Dias Ximenes၊ အာဆီယံ လူမှု–ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်မှ ဒုတိယ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Ekkaphab Phanthavong တို့ ပါဝင်တက်ရောက်ကြသည်။

**မိတ်ဆက်ရှင်းလင်း**

ဆက်လက်၍ ဗီယက်နမ်နိုင်ငံက ယခုနှစ်ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် "မီဒီယာ–ခံနိုင်ရည်ရှိပြီး တုံ့ပြန်နိုင်စွမ်း အားကောင်းသော အာဆီယံအတွက် သတင်းအချက်အလက်မှသည် အသိပညာဆီသို့" "Media: From Information to Knowledge for a Resilient and Responsive ASEAN" ကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး အဆိုပါ Theme နှင့်ပတ်သက်၍ ဒေသတွင်း ပြန်ကြားရေးဝန်ကြီးများနှင့် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများက ၎င်းတို့၏ ဆန္ဒသဘောထားများကို တင်ပြဆွေးနွေးကြသည်။

ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးရာ ယခုနှစ်ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေး ဝန်ကြီးများ အစည်းအဝေး(AMRI)၏ ဆောင်ပုဒ်အဖြစ် "မီဒီယာ–ခံနိုင်ရည်ရှိပြီး တုံ့ပြန်နိုင်စွမ်း အားကောင်းသော အာဆီယံ အတွက် သတင်းအချက်အလက်မှသည် အသိပညာဆီသို့" "Media: From Information to Knowledge for a Resilient and Responsive ASEAN"ဟု အိမ်ရှင်ဗီယက်နမ်မှ ရွေးချယ်ခဲ့မှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံ၏ ဆောင်ပုဒ်ဖြစ်သည့် "One Vision, One Identity, One Community" ကဲ့သို့ပင် အဆိုပါ ဆောင်ပုဒ်နှင့် ပတ်သက်ပြီး မိမိတို့အားလုံး အလားတူ အမြင်ရှိကြမည်ဟုလည်း ထင်မြင်မိပါကြောင်း။

ယခုအစည်းအဝေး တက်ရောက်ခွင့်ရသည့် အခွင့်အရေးကို အသုံးချပြီး မြန်မာနိုင်ငံ၏ လတ်တလောဆောင်ရွက်နေမှုများကို မျှဝေပေးလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကို အခြားနိုင်ငံများနည်းတူ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အစီအမံများဆိုင်ရာ ထုတ်ပြန်ချက်များနှင့် ကျန်းမာရေး အသိပညာပေး လမ်းညွှန်ချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယင်းသို့ လုပ်ဆောင်ရာတွင် မိတ်ဆွေနိုင်ငံများနှင့် အာဆီယံနိုင်ငံများမှ ကာကွယ်ဆေးများ ရက်ရောစွာ လှူဒါန်းမှုများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာ ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါကြောင်း။

**ကျေးဇူးတင်ရှိ**

ဆက်လက် အသိပေးလိုသည်မှာ မေလ ၁၄ ရက်က မြန်မာနိုင်ငံ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များသို့ အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် ၁၃၅ မိုင်နှင့် ဝင်ရောက် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် လုပ်ငန်းကော်မတီ (၁၂)ရပ်နှင့်အတူ ဆိုင်ကလုန်းမုန်တိုင်းကာလအတွင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အားလုံးကို လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြသည့် မိတ်ဆွေနိုင်ငံများနှင့် အာဆီယံ မိတ်ဆွေများ၏ ရက်ရောစွာ ပံ့ပိုးကူညီမှုများကိုလည်း မြန်မာနိုင်ငံအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း။

ယခင်ကနှင့် နှိုင်းယှဉ်ကြည့်ပါက ယနေ့အချိန်အခါတွင် အင်တာနက် အသုံးပြုမှုကြောင့် မီဒီယာစီးဆင်းမှုသည် မယုံနိုင်လောက်အောင် မြန်ဆန်လာပါကြောင်း၊ တစ်ချိန်တည်းမှာပင် နည်းပညာနှင့် ဒစ်ဂျစ်တယ် ဆန်းသစ်တီထွင်မှုများသည် မီဒီယာအခင်းအကျင်းကို လျင်မြန်စွာ ပြောင်းလဲပုံဖော်နေကြောင်း၊ AI Algorithms သည် အလွန်လက်တွေ့ကျသည့် အတုအယောင် အကြောင်းအရာများကို ဖန်တီးနိုင်စွမ်းရှိသည်ကို တွေ့ရှိရပါကြောင်း။

**အပြည့်အဝထောက်ခံ**

ကမ္ဘာ့လူသားအားလုံးသည် ကမ္ဘာ့ရွာကြီးပေါ်တွင် တန်းတူညီတူ ရပ်တည်နေကြခြင်းဖြစ်ပါကြောင်း၊ လူ့အဖွဲ့အစည်း၏ ခံနိုင်ရည်နှင့် တုံ့ပြန်နိုင်စွမ်းကို အားကောင်းစေပြီး နိုင်ငံသားများအကြား ယုံကြည်မှုတိုးပွားစေသည့် ဒစ်ဂျစ်တယ်မီဒီယာ ပတ်ဝန်းကျင်ကို တည်ဆောက်ရာတွင် အာဆီယံနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုသည် အရေးပါသည်ဆိုသည့် အချက်ကို မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ ထောက်ခံပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင် ဗီယက်နမ်နိုင်ငံ၏ "မီဒီယာ–ခံနိုင်ရည်ရှိပြီး တုံ့ပြန်နိုင်စွမ်း အားကောင်းသော အာဆီယံအတွက် သတင်းအချက်အလက်မှသည် အသိပညာဆီသို့" ဆိုသည့် အဓိပ္ပာယ်ပြည့်ဝသော ခေါင်းစဉ် ရွေးချယ်ခဲ့မှုအပေါ် အပြည့်အဝ ထောက်ခံပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံမှ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းမြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ၂၀၂၂ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့ပြီးဖြစ်သည့် (၁၉)ကြိမ်မြောက်နှင့် ယခုနှစ်တွင် ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးမှ ရရှိခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များ၊ အကြံပြုချက်များနှင့် ပတ်သက်သည့် အစီရင်ခံစာများအား တင်ပြအတည်ပြုခြင်းနှင့် အာဆီယံ သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ မဟာဗျူဟာ စီမံကိန်း(၂၀၁၆–၂၀၂၅)တိုးတက်မှုအပေါ် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး အာဆီယံ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်ကို စတင်ရာ SOMRI ဥက္ကဋ္ဌဖြစ်သော ဗီယက်နမ်နိုင်ငံက သတင်းအချက်အလက်နှင့် မီဒီယာမှတစ်ဆင့် အာဆီယံ–တရုတ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်(၂၀၁၈–၂၀၂၄) ဆိုင်ရာနောက်ဆုံးအခြေအနေများကို ယခုဆွေးနွေးပွဲတွင် အတည်ပြုဆုံးဖြတ်နိုင်ရန် ဖတ်ကြားတင်ပြပြီး ဗီယက်နမ်နိုင်ငံက ပြန်ကြားရေးကဏ္ဍနှင့် သက်ဆိုင်သည့် အာဆီယံ–COCI ၏ တိုးတက်မှုနှင့် လုပ်ဆောင်ချက်များကို အစီရင်ခံတင်ပြသည်။

**ဆွေးနွေးအတည်ပြု**

အစည်းအဝေး၌ AMRI ၏ ASEAN 2030 မှ မျှော်မှန်းချက်၊ ထုတ်ပြန်ချက်၊ ဒါနန်းကြေညာချက်၊ သတင်းအတု၊ သတင်းမှားတိုက်ဖျက်ရေးဆိုင်ရာ လမ်းညွှန်ချက်(TBC)၊ သတင်းတုများဆိုင်ရာ အာဆီယံလုပ်ငန်းအဖွဲ့(TFFN)၏ လုပ်ငန်းအစီအစဉ်များ၊ အာဆီယံ–တရုတ် သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး လုပ်ငန်းစီမံချက်(၂၀၁၈–၂၀၂၄) သက်တမ်းတိုးခြင်း၊ အာဆီယံ+၃ သတင်းအချက်အလက်နှင့် မီဒီယာများမှ တစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး လုပ်ငန်းစီမံချက် (၂၀၁၈–၂၀၂၃) သက်တမ်းတိုးခြင်း၊ (၁၆)ကြိမ်မြောက် AMRI နှင့် ဆက်စပ်အစည်းအဝေးများ၏ ပူးတွဲထုတ်ပြန်ချက်များကို ဆွေးနွေးကာ အတည်ပြုချက်ရယူကြသည်။

(၁၇)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဘရူနိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ အာဆီယံနှင့် မိတ်ဖက်(၃) နိုင်ငံမှ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးများ၊ အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သီးခြားစီတွေ့ဆုံ**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒါနန်းမြို့ရှိ Furama Resort ၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာနဝန်ကြီး၊ Deputy Head of the Publicity Department of the CPC Central Committee ဖြစ်သူ H.E. Mr. Sun Yeli နှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး H.E.Nguyen Manh Hung နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံကြသည်။

တရုတ် ပြန်ကြားရေးဌာန ဝန်ကြီးနှင့် တွေ့ဆုံရာတွင် မြန်မာ–တရုတ် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ဘက်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို တိုးတက်မြင့်မားစေရန် ဆောင်ရွက်နေမှုများတွင် ပြန်ကြားရေးဆိုင်ရာ ကဏ္ဍပေါင်းစုံ (ရုပ်မြင်သံကြား၊ ရေဒီယို၊ ပုံနှိပ်မီဒီယာ၊ အွန်လိုင်းမီဒီယာ၊ အပြန်အလှန်လေ့လာရေး ခရီးစဉ်များ၊ အပြန်အလှန် ချစ်ကြည်ရေး ခရီးစဉ်များစသည်)တွင် လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပြင် ထပ်မံတိုးမြှင့်ဆောင်ရွက်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကမ်းလှမ်းထားသည့် တရုတ်–မြန်မာ စီးပွားရေးစင်္ကြံအောက် စီမံကိန်းများ၊ တရုတ်နိုင်ငံမှ ထောက်ပံ့မည့် ယွမ် ၄ ဘီလီယံအောက် စီမံကိန်းများ၊ မဲခေါင်–လန်ချန်း စီမံကိန်းများ၊ အာဆီယံ–တရုတ်ဗဟိုဌာနသို့ ကမ်းလှမ်းထားသည့် စီမံကိန်း၊ တရုတ် အကူအညီဖြင့် ဆောင်ရွက်ရန် ကမ်းလှမ်းထားသည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်ပေးနိုင်မည့် နိုင်ငံတကာ အနုပညာဗဟိုဌာန(Art Center) စီမံကိန်းများ၊ ရှေးဟောင်းရုပ်ရှင်ရုံကို Red Carpet Theater အဖြစ် ဆောင်ရွက်မည့်စီမံကိန်း၊ လူထုအခြေပြုဗဟိုဌာန(Community Centres)စီမံကိန်းများ ကမ်းလှမ်းထားမှု အခြေအနေများကို ဆွေးနွေးကြသည်။

ဗီယက်နမ် ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု

စာမျက်နှာ ၅ သို့ »»

# သောကြာနေ့စကားဝိုင်း အမှတ်စဉ်(၃၀)အဖြစ် "နှစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များအတွက် ညှိနှိုင်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုကို ပြန်လည်မျှဝေခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme(KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ်(၃၀) ဆွေးနွေးပွဲအဖြစ် "နှစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များအတွက် ညှိနှိုင်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုကို ပြန်လည်မျှဝေခြင်း" ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးတင်ပြမည့် ခေါင်းစဉ်သည် နှစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များအပေါ် အခြေခံသည့် အကြောင်းအရာများဖြစ်သဖြင့် အရာထမ်း/အမှုထမ်းများအားလုံး ကျွမ်းကျင်စွာ သိရှိနားလည်ရန် လိုအပ်ပါကြောင်းနှင့် အနာဂတ်တွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်သဖြင့် စိတ်ပါဝင်စားစွာဖြင့် စနစ်တကျ ပါဝင်ဆွေးနွေးခြင်း၊ မေးမြန်းခြင်းအား ဆောင်ရွက်ရန် တိုက်တွန်း ပြောကြားသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်တင်လင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တက်ရောက်ခဲ့သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(MOFCOM)က ပြုလုပ်သည့် ဆွေးနွေးပွဲမှ "နှစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များအတွက် ညှိနှိုင်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုကို ပြန်လည်မျှဝေခြင်း" ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မေးမြန်းဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ အွန်လိုင်းဖြင့် တက်ရောက်သူများအပါအဝင် စုစုပေါင်း ဝန်ထမ်း အင်အား ၁၂၀ ကျော် တက်ရောက်ကြသည်။

**သတင်းစဉ်**

---

»»» **စာမျက်နှာ ၄ မှ**

ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုး ထားသည့် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာပါ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍဖြစ်သည့် သတင်းနှင့် သတင်းအချက်အလက် ဖလှယ်ခြင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယို ထုတ်လွှင့်ခြင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေခြင်း၊ သတင်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်တန်းများ ဖွင့်လှစ်ခြင်း စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး နှစ်ဖက်ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့မြန်မာနိုင်ငံဘက်မှ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ ဖိလစ်ပိုင်ပြန်ကြားရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် H.E. Mr. Jose A. Torres, Jr. နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံသတင်းမီဒီယာနှင့် ပြန်ကြားရေးဆိုင်ရာ ကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် အိမ်ရှင် ဗီယက်နမ်နိုင်ငံက (၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (16th ASEAN Ministers' Responsible for Information and its related Meetings)သို့ တက်ရောက်လာကြသည့် ဝန်ကြီးများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# အခြေခံစာတတ်မြောက်ရေးလုပ်ငန်းသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်

နေပြည်တော် စက်တင်ဘာ ၂၂



အခြေခံ စာတတ်မြောက်ရေး လုပ်ငန်းသည် ပညာရေးဝန်ကြီးဌာနက ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာဦးစီးဌာနများရှိဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများအနေဖြင့် စေတနာလုပ်အားပေး ဆရာ ဆရာမများအဖြစ် ပါဝင်ကြစေရေးအတွက် စည်းရုံးဆောင်ရွက်ပေးကြစေလိုပါကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြို့နယ်အလိုက် စာမတတ်သူဦးရေ စာရင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စီမံချက်အကြိုစာရင်းကောက်ယူ အတည်ပြုပြီး ပညာရေးဝန်ကြီးဌာနသို့ တင်ပြပေးကြစေလိုပါကြောင်း၊ သို့မှသာ မြို့နယ်အလိုက်၊ ရပ်ကွက်ကျေးရွာအလိုက် ဖွင့်လှစ်ရမည့် စာသင်ဝိုင်းအရေအတွက်နှင့် သင်ကြားရမည့် ဆရာအရေအတွက်ကို သတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း၊ အမျိုးသားရေးလုပ်ငန်းတာဝန်ကို အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် Grade–12 စာမေးပွဲကို စတင်ကျင်းပမည်ဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများအနေဖြင့် စာမေးပွဲစည်းကမ်းများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ဝေသည့် မေးခွန်းပုံစံ စာအုပ်များကို ကျောင်းများသို့ အချိန်မီရောက်ရှိအောင် ပေးပို့ကြစေလိုပါကြောင်း၊ အောက်တိုဘာလတွင်သက်ဆိုင်ရာဘာသာရပ် ပါမောက္ခများ၏ မေးခွန်းပုံစံရှင်းလင်းချက်များကို ရုပ်မြင်သံကြားနှင့် သတင်းစာများမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စာမေးပွဲကိစ္စနှင့်ပတ်သက်၍ အမှားအယွင်းမရှိအောင် တိကျသော လမ်းညွှန်ချက်များအစည်းအဝေး ခေါ်ယူရှင်းလင်းရန် လိုကြောင်းမှာကြား၍ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက စာတတ်မြောက်ရေးလုပ်ငန်းအတွက်လက်ထောက်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ ကွင်းဆင်း၍ စာသင်သားစာရင်း၊ လုပ်အားပေးဆရာ လိုအပ်ချက်များ၊ စာသင်ရန်နေရာတို့ကို စာရင်းပြုစု တင်ပြရန်နှင့် ဒေသခံစေတနာရှင်လုပ်အားပေးများကို ဦးစားပေးစာရင်းကောက်ယူရန် ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်က လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ခြေအသံကို နားထောင်ရန်နှင့် အခက်အခဲ၊ ပြဿနာများကြုံတွေ့ရပါက သမာသမတ်ကျစွာဖြင့် အမြန်ဆုံးဖြေရှင်းဆောင်ရွက်ရန်တို့ကို ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ အသိပညာပေး ဟောပြော

သုံးခွ စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ အလယ်တန်းအဆင့် Grade–9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက(၁)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးဌေးနိုင်က ဟောပြောပွဲပြုလုပ်ရခြင်း အကြောင်းအရာများကို ပြောကြားခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မြင့်အောင်က စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုခိုင်က မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ရီရီအေးက မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှိုင်သူဇာက လူငယ်နှင့်စာဖတ်ခြင်း စသည့်အကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော သုတ၊ ရသစာအုပ်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာသော ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **စည်သူလင်း(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီးဖွံ့ဖြိုးဖို့ ကျေးရွာထုတ်ကုန်များ အားပေးစို့

**အချို့အိမ်များတွင် ငရုတ်ဆုံဆိုဒ်စုံ အစုအပုံ၊ အချို့အိမ်များတွင် ဒယ်အိုးဆိုဒ်စုံ အစုအပုံ၊ အချို့အိမ်များတွင်မူ စက်မှုလုပ်ငန်းသုံးကိရိယာမျိုးစုံ အစုအပုံများကို သပြုကျေးရွာ နေအိမ်တိုင်းတွင် တွေ့မြင်နိုင်သည်။ သတ္တုရည်ကျိုပုံလောင်း၊ သံရည်ကျိုပုံလောင်း လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပ ဈေးကွက်လိုအပ်ချက်နှင့်အညီ အိမ်တွင်းတစ်နိုင်တစ်ပိုင် ထုတ်လုပ်ရောင်းချမှုမှသည် ကျေးရွာနေပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ရှာဖွေလျက်ရှိသည်။**

မြတ်သူ

ထိုသို့သော သတ္တုနှင့် သံရည်ကျိုပုံလောင်း လူသုံးကုန်အမျိုးအမည်များစွာကို ကျေးရွာမှ ထုတ်လုပ်ကာ အိုးမကွာ အိမ်မကွာ ဝင်ငွေရလုပ်ငန်းအဖြစ် ရပ်တည်လာခဲ့သည်မှာ နှစ်တစ်ရာကျော်တိုင်ခဲ့ပြီဖြစ်သည်။ သပြုကျေးရွာ၏ မိရိုးဖလာအသက်မွေးမှု အိမ်တွင်းတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းဖြစ်သော်လည်း ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီနေသည့် ထုတ်ကုန်များကို ကျေးရွာသူကျေးရွာသားများက ထုတ်လုပ်ပေးနိုင်စွမ်းရှိနေသည်။ ထို့ကြောင့် ကျေးရွာထုတ်ကုန်များကို နည်းပညာအင်အားဖြင့် ပေါင်းစပ်အဆင့်မြှင့်တင်ကာ တန်ဖိုးရှိသော၊ အရည်အသွေးရှိသောပြည်တွင်းထုတ်ကုန်များမှသည် ကြီးမားသည့် ပြည်ပဈေးကွက်ဝန်းကျင်အတွင်း ထိုးဖောက်ရပ်တည်သွားနိုင်ရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် ကူညီကြိုးပမ်းပေးလျက်ရှိသည်။

"ကျေးရွာထုတ်ကုန်မို့ အရည်အသွေးဒီလောက်ပဲဆိုတဲ့ အခြေအနေတစ်ခုကို ကျွန်တော်တို့ကျေးရွာက လက်မခံဘူး။ ကျေးရွာထုတ်ကုန်ဖြစ်လို့ အရည်အသွေးကို စိတ်မချရတာမျိုး မဖြစ်စေရဘူး။ ပြည်တွင်းဈေးကွက်မှာတော့ နေရာတစ်ခုရှိထားပြီးဖြစ်တယ်။ ပြည်ပလည်း ကုန်သည်ဆီကနေတစ်ဆင့် ပို့နေတာရှိတယ်။ ဒါပေမဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိဖို့နဲ့ ခိုင်မာတဲ့ ပြည်ပဈေးကွက်ရရှိဖို့က ကျွန်တော်တို့ကျေးရွာရဲ့ ရည်မှန်းချက်ပါ။ ကျေးရွာထုတ်ကုန်ပေမယ့် ခိုင်မာတဲ့ ယုံကြည်ချက်ရှိချင်တယ်"ဟု သပြုကျေးရွာမှ သတ္တုရည်ကျိုပုံလောင်း လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် ဦးအောင်မြင့်ဌေးက ပြောသည်။

## စက်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်

သပြုကျေးရွာသည် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင်တည်ရှိပြီး အိမ်ခြေ ၁၆၀၀ ကျော်ရှိကာ စိုက်ပျိုးရေးနှင့် အိမ်တွင်းတစ်နိုင်တစ်ပိုင် စက်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်သည့်ကျေးရွာဖြစ်သည်။ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် သတ္တုအရည်ကျိုလုပ်ငန်း၊ သံရည်ကျိုလုပ်ငန်းနှင့် သတ္တုသန့်စင်ခဲထုတ်လုပ်သည့်လုပ်ငန်း စသည်ဖြင့် အားသန်ရာလုပ်ငန်းကို အခြေပြုလုပ်ကိုင်ကြသည်။

ကျေးရွာတစ်နိုင်တစ်ပိုင် စက်မှုလုပ်ငန်းမှ ဒယ်အိုး၊ ငရုတ်ဆုံ၊ ရေဖလား၊ ရေနွေးကရား စသည့် မီးဖိုချောင်သုံးပစ္စည်းများအပြင် ရေယာဉ်သုံးဒလက်ပန်ကာ၊ အသံချဲ့စက်ဟွန်းရိုး၊ မော်တော်ယာဉ်သုံးစက်ပစ္စည်း၊ မော်တော်ဆိုင်ကယ်သုံးစက်ပစ္စည်း စသည်ဖြင့် အမျိုးအမည်များစွာ ထုတ်လုပ်သည်။ အပ်ချုပ်စက်ကိုယ်ထည်၊ ရေပန့်ခေါင်း စသည့်သံရည်ကျိုပစ္စည်းများကိုလည်း ထုတ်လုပ်သည်။



သပြုကျေးရွာ၌ အိမ်တွင်းတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် သတ္တုနှင့် သံရည်ကျိုပုံလောင်းလူသုံးကုန်ပစ္စည်းများစွာ ထုတ်လုပ်နေစဉ်။

"မိရိုးဖလာ တစ်နိုင်တစ်ပိုင်လုပ်ငန်းဆိုပေမယ့် ဒီလုပ်ငန်းနဲ့ဆက်စပ်ပြီး ကျွန်တော်တို့ ကျေးရွာတင်မဟုတ်ဘူး။ အနီးအနားက ရွာခံလည်း အလုပ်အကိုင်တွေရပါတယ်။ ကိုယ်နိုင်တဲ့အင်အားနဲ့ လုပ်ကြတယ်။ ဈေးကွက်ထဲမှာ အသုံးပြုသူများတဲ့အတွက် ကျွန်တော်တို့ကျေးရွာက ထုတ်နိုင်သလောက်ရောင်းနေရတာပဲ။ ဒီတော့ ထုတ်သမျှရောင်းရရင် ချဲ့ထွင်လုပ်ကိုင်ချင်တာ သဘာဝပါ။ ဒီလိုချဲ့ထွင်ဖို့ စဉ်းစားတဲ့အခါ ကျွန်တော်တို့မှာ ကျော်လွှားသွားရမယ့် အခက်အခဲတွေတော့ ရှိတာပေါ့။ အခုက ကုန်ကြမ်းအတွက် ပူနေရတယ်"ဟု သပြုကျေးရွာမှ လုပ်ငန်းလုပ်ကိုင်သူ ဦးဌေးဝင်းက ပြောသည်။

## နေရာဒေသအသီးသီးသို့ ပို့ဆောင်ရောင်းချ

ထိုသို့ ကျေးရွာမှထွက်ရှိလာသည့် ပစ္စည်းများကို ပြည်တွင်းရှိ နေရာဒေသအသီးသီးသို့ ပို့ဆောင်ရောင်းချလျက်ရှိသည်။ ပြည်ပတင်ပို့ရောင်းချမှုကို ပြည်တွင်း ကုန်သည်ဝယ်လက်များမှတစ်ဆင့် ရောင်းချလျက်ရှိပြီး စစ်တွေ၊ မောင်တောနယ်စပ်လမ်းကြောင်းမှ တင်ပို့ရောင်းချမှုများကြောင်း သိရှိရသည်။

"အဓိကက ပြည်တွင်းက သတ္တုကုန်ကြမ်းကို ပြည်ပနဲ့ ပြိုင်ဝယ်နေရတဲ့အတွက်ကြောင့်ပါ။ ဒီကုန်ကြမ်းကို ပြည်ပက ကား၊ ဆိုင်ကယ်အပိုပစ္စည်းထုတ်လုပ်တဲ့ကုမ္ပဏီတွေ စတာတွေနဲ့ ယှဉ်ဝယ်နေရတယ်။ သူတို့နဲ့ ကျွန်တော်တို့က ကုန်ကြမ်းလိုအပ်ချက်တူပေမယ့် ကုန်ကြမ်းအပေါ်မှာ သုံးစွဲဝယ်ယူနိုင်တဲ့စွမ်းအားက တအားကွာသွားတယ်။ ပြီးတော့ သူတို့ထုတ်လုပ်ရောင်းချတဲ့ ပစ္စည်းတန်ဖိုးကမြင့်တော့ သူတို့က ကုန်ကြမ်းရဖို့ပဲ အဓိကထားတယ်။ သူတို့ မြှင့်ပြီးပေးဝယ်တဲ့ဈေးကို ကျွန်တော်တို့ လိုက်မမီနိုင်တော့ အခုနှစ်အတွင်းမှာ ဖောင်စီးရင်း ရေငတ်ဆိုတာမျိုးဖြစ်သွားတယ်။ ကျွန်တော်တို့ရွာတင်ကြုံရတာမဟုတ်ပါဘူး။ ဒီလိုမျိုး လုပ်ကိုင်တဲ့ ဆက်စပ်တဲ့သူတိုင်း ကြုံရတာပါ"ဟု လုပ်ငန်းလုပ်ကိုင်သူ ဦးသန်းထွန်းဦးက ပြောသည်။

သပြုကျေးရွာမှ ထုတ်ကုန်များအတွက် အသုံးပြုသည့် ကုန်ကြမ်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စော်ဘွားကြီးကုန်း၊ တောင်ဒဂုံ စသည့်နေရာများ၏စွန့်ပစ်သတ္တုပစ္စည်းအဟောင်းဈေးကွက်မှ ရရှိသည်။ လက်ရှိတွင် သတ္တုပစ္စည်းအဟောင်းအကြမ်းများနှင့် သန့်စင်ပြီးအချောသတ္တု ကုန်ကြမ်းများကို ယခင်ဈေးနှုန်းထက် နှစ်ဆမြင့်မားသည့်နှုန်းတစ်ခုဖြင့် ဝယ်ယူရသည့် အခက်အခဲရှိနေသည်။

ထိုကဲ့သို့ သပြုကျေးရွာမှ လုပ်ငန်းလုပ်ကိုင်သူများအပါအဝင် တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များသည် ယခုနှစ်အတွင်း ကုန်ကြမ်းပစ္စည်းရရှိရန် ခက်ခဲသည့်အခြေအနေကို တွေ့ကြုံနေရကြောင်း တိုင်းဒေသကြီးအတွင်း လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

## လုပ်ငန်းရှင်များအားဖိတ်ခေါ်၍ ဆွေးနွေးပွဲများပြုလုပ်

သပြုကျေးရွာမှ လုပ်ငန်းလုပ်ကိုင်သူများအပါအဝင် တိုင်းဒေသကြီးအတွင်းရှိလုပ်ငန်းရှင်များ တွေ့ကြုံလာသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းရှင်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ဖိတ်ခေါ်၍ ဆွေးနွေးပွဲများပြုလုပ်ကာ နည်းလမ်းပေါင်းစုံဖြင့် ပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည်။

MSME လုပ်ငန်းကော်မတီနှင့် စက်မှုဝန်ကြီးဌာနသို့ သတ္တုလုပ်ငန်းရှင်များနှင့် သံရည်ကျိုပုံလောင်းလုပ်ငန်းရှင်များက လိုအပ်သောကုန်ကြမ်းပစ္စည်းများအတွက် ကူညီပံ့ပိုးနိုင်ပါရန် တင်ပြခဲ့ကြသည်။ ထို့အတွက် စက်မှုဝန်ကြီးဌာနက ဦးဆောင်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် သတ္တုနှင့် သံရည်ကျိုလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ကာ ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း သတ္တုလုပ်ငန်းများနှင့် သံရည်ကျိုပုံလောင်းလုပ်ငန်းများ လိုအပ်သော ကုန်ကြမ်းပစ္စည်းများဖြစ်သည့် သတ္တုတွင်းစာ၊ သတ္တုချော်ချေးနှင့် အခြားစွန့်ပစ် သံ၊ ဒန်သတ္တုများ ပံ့ပိုးပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။

စာမျက်နှာ ၇ သို့ ✚





သပြုကျေးရွာ၌ အိမ်တွင်းတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် သတ္တုနှင့်သံရည်ကျိုပုံလောင်း လူသုံးကုန်ပစ္စည်းများစွာ ထုတ်လုပ်နေစဉ်။





ရွာသစ်ကိုင်းတာကျေးရွာရှိ အေးမြကြည် သံရည်ကျို၊ သံနန်းဆွဲနှင့် တွင်အချောကိုင်လုပ်ငန်းခွင်ကိုတွေ့ရစဉ်။

✚ စာမျက်နှာ ၆ မှ

ယင်းသို့ တွေ့ဆုံညှိနှိုင်းမှုများမှတစ်ဆင့် လုပ်ငန်းရှင်များ အဆင်ပြေစေရန်အတွက် ရေနံချေး ကုန်ကြမ်းရရှိရေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ MSME အေဂျင်စီမှတစ်ဆင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းသို့ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ ထို့အတူ သတ္တုနှင့် သံရည်ကျိုလုပ်ငန်းများ နည်းပညာရရှိရေးအတွက် စက်မှုဝန်ကြီးဌာနမှ ပညာရှင်များဖိတ်ခေါ်၍ နည်းပညာပေးသင်တန်းများကို သုံးကြိမ်တိုင် ပို့ချဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာ မှတ်ပုံတင်ထားတဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း စုစုပေါင်း ၃၀၀၀ ကျော် ရှိပါတယ်။ ဒီထဲမှာ သတ္တုနဲ့ သံရည်ကျိုပုံလောင်းလုပ်ငန်းတွေဟာလည်း ကဏ္ဍတစ်ခုအနေနဲ့ပါဝင်နေပါတယ်။ ဒီလုပ်ငန်းတွေနဲ့ ကျွန်တော်တို့ဌာနဟာ အများစုထိတွေ့ဆက်ဆံရတယ်။ သူတို့မှာ တွေ့ကြုံရတဲ့ အခက်အခဲတွေကို သက်ဆိုင်ရာ ဌာနဆိုင်ရာ အားလုံးနဲ့ပေါင်းစပ်ဖြေရှင်းပေးရတယ်။ ဒီအတွက် အားလုံးပါဝင် တွေ့ဆုံဆွေးနွေးခဲ့ပြီး သူတို့အတွက် သက်ဆိုင်ရာဌာနအလိုက် နည်းလမ်းပေါင်းစုံနဲ့ ပါဝင်ကူညီပေးခဲ့ကြပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောသည်။

**အားပေးမြှင့်တင်ဆောင်ရွက်**

မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME) လေးသောင်းကျော်ရှိရာ ၂၀၁၅ ခုနှစ် မြန်မာ့စီးပွားရေးလုပ်ငန်း စစ်တမ်းအရ စီးပွားရေးလုပ်ငန်းအရေအတွက် အများဆုံးသည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ရှိပြီး စုစုပေါင်းလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်းရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရာခိုင်နှုန်း ၉၀ ကျော်သည် လုပ်ငန်းငယ်များသာဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း လုပ်ကိုင်ဆောင်ရွက်သည့် သတ္တုလုပ်ငန်းများနှင့် သံရည်ကျိုပုံလောင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ထိတွေ့ဆက်သွယ်ကာ ကူညီဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း သတ္တုလုပ်ငန်းများနှင့် သံရည်ကျိုပုံလောင်းလုပ်ငန်း ၁၂၆ ခုရှိကြောင်း သိရှိရပြီး ယင်းလုပ်ငန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် ပါဝင်နေသည်။ ယခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့မှစ၍ Online Registration စနစ်ဖြင့် SME Member Card အသစ်လျှောက်ထားသူများကို ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ အခက်အခဲတွေ ဒီလိုမျိုးရှိလာတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ MSME အေဂျင်စီ၊ ပြည်ထောင်စုအစိုးရက တွေ့ဆုံဆွေးနွေးပေးတယ်၊ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးပါတယ်။ နိုင်ငံတော်က ကျွန်တော်တို့လုပ်ငန်းတွေ ဖွံ့ဖြိုးအောင် အားပေးနေတာ သိရှိခံစားမိပါတယ်။ ကျွန်တော်တို့ သပြုကျေးရွာမှာဆိုရင် လုပ်ငန်းလုပ်ကိုင်တဲ့သူတွေ အဆင်ပြေအောင်၊ ကုန်ကြမ်းအတွက် သုံးနိုင်အောင် ချေးငွေထုတ်ပေးတယ်။ နည်းပညာအတွက် သင်တန်းပေးတယ်။ လုပ်ငန်းအတွက် မီးရရှိရေးဆောင်ရွက်ပေးတယ်။ လောင်စာရရှိအောင် ကူညီပေးတယ်။ ဒီလိုမျိုး ကျွန်တော်တို့ ရပ်တည်နိုင်အောင် ကူညီပေးလို့ အားလုံးက ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရေရှည်သွားနိုင်အောင် ကုန်ကြမ်းနဲ့ ပတ်သက်ပြီး ပြည်ပလုပ်ငန်းရှင်တွေနဲ့ ယှဉ်ပြိုင်ဝယ်ယူရတဲ့အခြေအနေတွေကို ထိန်းကျောင်းပေးစေလိုပါတယ်"ဟု သပြုကျေးရွာမှ လုပ်ငန်းလုပ်ကိုင်သူ ဦးကျော်နိုင်က ပြောသည်။

**သင်တန်း/ ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ပြုလုပ်**

တိုင်းဒေသကြီးအတွင်းရှိ သတ္တုလုပ်ငန်းများနှင့် သံရည်ကျိုပုံလောင်းလုပ်ငန်းများအပါအဝင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုရရှိစေရန် နည်းပညာဆိုင်ရာ အကူအညီရရှိရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်း/ ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ပြုလုပ်ပေးလျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်း/ ဆွေးနွေးပွဲများဆောင်ရွက်မှုအနေဖြင့် ၁၄၆ ကြိမ် ရှိကြောင်း တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

"အခုနှစ်ပိုင်းမှာ ကျွန်တော်တို့လုပ်ငန်းတွေမှာ ကုန်ကြမ်းရရှိမှုနဲ့ သုံးရမယ့်အရင်းအနှီးအတွက် အခက်အခဲရှိလာကြတာကို အများဆုံး ကြားလာရပါတယ်။ ဒီအတွက် သက်ဆိုင်ရာဌာနတွေက တတ်နိုင်သမျှ ပါဝင်ဖြေရှင်းပေးကြပါတယ်။ လုပ်ငန်းရှင်တွေကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကနေ ကူညီပေးတယ်။ ဒီအတွက် ဝမ်းမြောက်ရပြီးတော့ ထပ်ပြီးတော့လည်း အားပေးမြှင့်တင်ပေးစေလိုပါတယ်။ ကျွန်တော်တို့လို လုပ်ငန်းတူ လုပ်ငန်းရှင်တွေအတွက် ကုန်ကြမ်းရရှိရေးလမ်းကြောင်း အဆင်ပြေစေချင်ပါတယ်။ ပြီးတော့ ပြည်တွင်းမှာလည်း ရောင်းချသလို ပြည်ပအထိ တင်ပို့တဲ့လုပ်ငန်းတွေလည်းရှိပါတယ်။ ကျွန်တော်တို့နိုင်ငံကနေ ပြည်ပကို များများပို့နိုင်မှ နိုင်ငံခြားဝင်ငွေ များများရနိုင်မှာဖြစ်လို့ လုပ်ငန်းရှင်တွေကလည်း ကြိုးစားကြပါတယ်။ အရင်က ပို့နေကျနိုင်ငံတွေကိုပဲ အခုလည်း တင်ပို့တာပါပဲ။ ဒါပေမဲ့ အခုကျတော့ မြန်မာနိုင်ငံက တင်ပို့တဲ့ ပစ္စည်းအပေါ် စည်းမျဉ်းစည်းကမ်းတွေ များလာတာကို ကြုံတွေ့ရပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော်တို့လုပ်ငန်းရှင်တွေကို ကူညီပေးစေလိုပါတယ်"ဟု ပဲခူးမြို့ ရွာသစ်ကိုင်းတာကျေးရွာ အေးမြကြည် သံရည်ကျို၊ သံနန်းဆွဲနှင့် တွင်အချောကိုင်လုပ်ငန်းလုပ်ကိုင်သူ ဦးအေးဝင်းက ဆိုသည်။

> **"သတ္တုနှင့် သံရည်ကျိုပုံလောင်း လူသုံးကုန်အမျိုးအမည်များစွာကို ကျေးရွာမှ ထုတ်လုပ်ကာ အိုးမကွာ အိမ်မကွာ ဝင်ငွေရလုပ်ငန်းအဖြစ် ရပ်တည်လာခဲ့သည်မှာ နှစ်တစ်ရာကျော်တိုင်ခဲ့ပြီဖြစ်သည်။ သပြုကျေးရွာ၏ မိရိုးဖလာ အသက်မွေးမှု အိမ်တွင်းတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းဖြစ်သော်လည်း ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီနေသည့် ထုတ်ကုန်များကို ကျေးရွာသူ ကျေးရွာသားများက ထုတ်လုပ်ပေးနိုင်စွမ်းရှိနေသည်။ ထို့ကြောင့် ကျေးရွာထုတ်ကုန်များကို နည်းပညာအင်အားဖြင့် ပေါင်းစပ်အဆင့်မြှင့်တင်ကာ တန်ဖိုးရှိသော၊ အရည်အသွေးရှိသော ပြည်တွင်းထုတ်ကုန်များမှသည် ကြီးမားသည့် ပြည်ပဈေးကွက်ဝန်းကျင်အတွင်း ထိုးဖောက်ရပ်တည်သွားနိုင်ရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် ကူညီကြိုးပမ်းပေးလျက်ရှိ"**

တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ အားသာချက်၊ အားနည်းချက်များကိုသိရှိပြီး လိုအပ်သည့် ပံ့ပိုးမှုများကို ပူးပေါင်းကူညီဆောင်ရွက်နိုင်ရန်၊ ဒေသအတွင်းရှိလုပ်ငန်းများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ ထုတ်ကုန်များ ထုပ်ပိုးမှုစနစ် ပိုမိုကောင်းမွန်လာရန်၊ ထုတ်ကုန်အရည်အသွေး မြင့်မားလာရန်၊ ဈေးကွက်ပိုမိုရရှိလာရန်နှင့် တီထွင်ဆန်းသစ်မှုများကို ပိုမိုသိရှိလာရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ MSME အေဂျင်စီ ဦးဆောင်မှုဖြင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအားလုံး ပူးပေါင်းကြိုးပမ်းပေးလျက်ရှိသည်။

"လုပ်ငန်းတိုင်းမှာ အားသာချက်၊ အားနည်းချက်ဆိုတာရှိကြပါတယ်။ လုပ်ငန်းရှင်တွေနဲ့ ဆွေးနွေးမှုတိုင်းကနေ သူတို့ရဲ့အခက်အခဲကို သိရတယ်။ အားနည်းချက်အပေါ်မှာ ကျွန်မတို့ဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာအားလုံးက ပူးပေါင်းဖြေရှင်းပေးနိုင်ဖို့ ကြိုးပမ်းရပါတယ်။ အားသာချက်တွေ ပိုအားကောင်းလာအောင် ကျွန်မတို့က ပေါင်းစပ်ကူညီပေးရတယ်။ အခု သတ္တုနဲ့ သံရည်ကျိုပုံလောင်းလုပ်ငန်းတွေ တိုင်းဒေသကြီး စီးပွားရေးအတွက် ခိုင်မာအားကောင်းတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် အကောင်းဆုံး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီလိုပဲ တိုင်းဒေသကြီးကထွက်ရှိတဲ့ ကျန်တဲ့ထွက်ကုန်တွေအပေါ်မှာ အခြေခံထားတဲ့လုပ်ငန်းတွေလည်း အများကြီးရှိပါတယ်။ ဒီကဏ္ဍတွေ အားလုံးအဆင်ပြေစေဖို့၊ ဖွံ့ဖြိုးစေဖို့ ကျွန်မတို့ဌာနအနေနဲ့ ကြိုးစားသွားမှာပါ"ဟု တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန SME ဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

အချုပ်အားဖြင့်ဆိုရလျှင် တစ်နိုင်တစ်ပိုင် အိမ်တွင်းထုတ်လုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ပြည်တွင်း/ ပြည်ပ အသုံးချနိုင်သည့် အရည်အသွေးမြင့်ထုတ်ကုန်များထုတ်လုပ်လျက် နိုင်ငံတော်၏ အကျိုးစီးပွား၊ လူမှုစီးပွားဘဝတိုးတက်ရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်သည်။ ထို့အတွက် ကျော်လွှားဖြေရှင်းရမည့်စိန်ခေါ်မှုများ တည်ရှိနေနိုင်သော်လည်း နိုင်ငံတော်အကြီးအကဲကိုယ်တိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝန်ကြီးချုပ်များကိုယ်တိုင် ကျေးရွာများအထိ ကွင်းဆင်းကာ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ လုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်း၊ ဒေသတစ်ခု ထွက်ကုန်တစ်မျိုးထွက်ရှိရေး အားပေးဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်မှာ MSME ဖွံ့ဖြိုးရေးအတွက် အင်အားအမှန်ပင်ဖြစ်စေနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခ လွှတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | လင်းနို့၏ မှတ်စု ဝတ္ထုတိုပေါင်းချုပ်-၂ | ပိုင်စိုးဝေ | ဦးစိန်ဝင်း<br>နှစ်ကာလများစာပေ |
| ၂။ | အမှောင်ခေတ်မှချစ်သူများ | ကျော်အောင် | ဦးစိန်ဝင်း<br>နှစ်ကာလများစာပေ |
| ၃။ | ဝတ္ထုတိုပေါင်းချုပ် | မင်းသိင်္ခ | ဦးဝင်းဇော်<br>မရမ်းတလင်းစာပေ |
| ၄။ | ဆားပုလင်းနှင်းမောင်ဝတ္ထုတို<br>ပေါင်းချုပ် | မင်းသိင်္ခ | ဦးဝင်းဇော်<br>မရမ်းတလင်းစာပေ |
| ၅။ | ပဋ္ဌလက် | စက္ကောမ | ဦးမျိုးမင်းသန်း<br>မျက်ပွင့်စာပေ |
| ၆။ | အိုပရာရဲ့ အကောင်းစားအိုများ | ဝါဝါဆွေ | ဒေါက်တာသာထွန်းဦး<br>တူဒေးစာပေ |
| ၇။ | လွန်ပါတယ်ခင်ဗျာ | ရှင်ထွေးလေး | ဒေါ်ခင်ဆွေဦး<br>ပညာရပ်ဝန်းစာပေ |
| ၈။ | ကြောင်တေလေရဲ့ခရီးသွားမှတ်တမ်း | မျိုးဇော်ဝင်း | ဦးမင်းထက်ဟန်<br>တောင်ဇလပ်နီစာပေ |

**ပြန်ကြားရေးဝန်ကြီးဌာန**

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာအားကစားအဖွဲ့ ထွက်ခွာ



ရန်ကုန် စက်တင်ဘာ ၂၂

၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ တက်ရောက်မည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ အုပ်ချုပ်မှုအဖွဲ့ခေါင်းဆောင်ဦး၊ ဝူရှူးအားကစားနည်းမှ ဒုတိယဥက္ကဋ္ဌနှင့် နည်းပြ တစ်ဦး၊ အမျိုးသားအားကစားသမား တစ်ဦး၊ အမျိုးသမီးအားကစားသမား သုံးဦး၊ တိုက်ကွမ်ဒိုအားကစားနည်းမှ အုပ်ချုပ်/နည်းပြ တစ်ဦးနှင့် အမျိုးသားအားကစားသမား တစ်ဦးတို့သည် ယနေ့ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် တရုတ်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူး Mr.Pan Feng ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် အမျိုးသားဘောလုံး/ အမျိုးသမီးဘောလုံး၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ လှေလှော်၊ E-Sports၊ မြားပစ်၊ ပိုက်ကျော်ခြင်း အားကစားနည်း ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်တွင် အမျိုးသားဘောလုံးအသင်း၊ စက်တင်ဘာ ၁၉ ရက်တွင် အမျိုးသမီးဘောလုံးအသင်း၊ စက်တင်ဘာ ၂၁ ရက်တွင် မြန်မာ E-Sports (AOV) အသင်းတို့ ထွက်ခွာသွားခဲ့ကြပြီး ဆက်လက်၍ စက်တင်ဘာ ၂၄ ရက်တွင် မြန်မာE-Sports(PUBGM) အသင်း၊ စက်တင်ဘာ ၂၆ ရက်တွင် မြန်မာE-Sports (Dota-2) အသင်း၊ စက်တင်ဘာ ၂၉ ရက်တွင် မြားပစ်နှင့် ပိုက်ကျော်ခြင်းအသင်း၊ အောက်တိုဘာ ၂ ရက်တွင် လှေလှော်အသင်းတို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်း (၂/ ၂၀၂၃) ဆင်းပွဲအခမ်းအနား ကျင်းပ




နေပြည်တော် စက်တင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်း(၂/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က သင်တန်းသား သင်တန်းသူများသည် ဌာနလုပ်ငန်းများကို စတင်ထမ်းဆောင်ကြမည့် ဒုတိယဦးစီးမှူးများ ဖြစ်ကြသည့်အတွက် ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများ၏ စာကြည့်တိုက်တာဝန်ခံ၊ စာကြည့်တိုက်မှူးများအဖြစ် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်မှူးကောင်းများ ဖြစ်လာအောင် ကြိုးစားသင်ယူကြရမည် ဖြစ်သကဲ့သို့ မိမိတို့၏စာကြည့်တိုက်ကိုပြည်သူများ လာရောက်အသုံးပြုသည့် နေရာ၊ အသိပညာ၊ ဗဟုသုတများ ရှာမှီးရာနေရာ၊ အားကိုးယုံကြည်ရာနေရာ ဖြစ်လာအောင် တီထွင်ကြံဆ လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများကို Digital Library Management System (DLMS)ဖြင့် စာစုလုပ်ငန်း၊ စာပြုလုပ်ငန်းနှင့် စာငှားလုပ်ငန်းစသည့် ပြည်သူ့စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပေးသည့် ဘာသာရပ်များသာမက ပိုမိုကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကို အမြဲလေ့လာသင်ယူ၍ လက်တွေ့လုပ်ငန်းများတွင် အကျိုးရှိရှိပြန်လည်အသုံးချပြီး ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စေရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က သင်တန်းတွင် ထူးချွန်ဆုများရရှိခဲ့ကြသည့် ပထမဆုရရှိသည့် လှိုင်လင်ခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဆုရည်ထွေး၊ ဒုတိယဆုရရှိသည့် သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးမိုးဝေအောင်၊ တတိယဆုရရှိသည့် ကွန်ဟိန်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ရွှန်းမျက်သွယ်နိုင်တို့ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်ထံ ပေးအပ်သည်။

ယခု လုပ်ငန်းခွင်အကြို လေ့ကျင့်ရေးသင်တန်းကို သုံးပတ်ကြာဖွင့်လှစ်သင်ကြားပြီး သင်တန်းသားသင်တန်းသူ ၂၇ ဦး တက်ရောက်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းနည်းပြများက ဦးစီးဌာန၏ မူဝါဒနှင့်အခန်းကဏ္ဍ၊ ရည်မှန်းချက် တာဝန်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်းထိန်းသိမ်းနည်း၊ စာကြည့်တိုက် လုပ်ငန်းများ စီမံခန့်ခွဲရေး၊ Digital Library Management System (DLMS) အသုံးပြုနည်း၊ သတင်းအမှန်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရေး လျင်မြန်စွာ ထုတ်ပြန်နိုင်စေရန်နှင့် မီဒီယာကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် သတင်းအပြန်အလှန်စီးဆင်းရေး၊ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု(MIL)၊ လူမှုမီဒီယာ (Social Media) သိကောင်းစရာများ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် ပြည်သူ့ဆက်ဆံရေး ဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ(၁/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုများသည် လုပ်ငန်းပမာဏများလာသည့်အတွက် Manual စနစ်မှ Digital Platform သို့ ပြောင်းလဲရန် လိုအပ်၍ လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System–SMIS)ကို တည်ထောင်ခဲ့ကြောင်း၊ SMIS တွင် ပါရှိသည့် အစီအစဉ်လေးခု၏ Software များကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာန၏ ကူညီပံ့ပိုးမှုဖြင့် ရေးဆွဲလျက်ရှိကြောင်း၊ မေ ၁၈ ရက်တွင် SMIS စနစ်ကို စတင်အသုံးပြုနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ SMIS စနစ်တွင် အကျိုးခံစားခွင့်ရှိသူ နံပါတ်ရရှိပြီးသူများအနက် နိုင်ငံသားအသိအမှတ်ပြုကတ်ပြား ကိုင်ဆောင်သူများ၏စာရင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Electronic ID(e–ID) စနစ်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီစဉ်မည်ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့ကြေးများကို Digital Payment နည်းလမ်းအသုံးပြုပြီး Electronic Cash Transfer စနစ်သို့ အောင်အောင်မြင်မြင် ကူးပြောင်းထောက်ပံ့နိုင်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းရပ်များအား အကောင်အထည်ဖော်ခြင်းသည် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP)" ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုသောလုပ်ငန်းများဖြစ်ပြီး အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေ ဆောင်ရွက်ပေးရမည့်လုပ်ငန်းများဖြစ်သည့်အတွက် တက်ရောက်လာကြသည့်ဌာနဆိုင်ရာများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးက လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၂) ၏ ဆောင်ရွက်ပြီးစီးမှုများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြသည်။

ဆက်လက်၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြပြီး ဆုံးဖြတ်ချက်ခုနစ်ခု ချမှတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား ပူးပေါင်းစိစစ်ခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် စက်တင်ဘာ ၂၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများကပေးပို့တင်ပြလာသည့် သတ်မှတ်ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှုရှိ/မရှိ၊ မြေပြင်တွင်အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ပူးပေါင်း၍ စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းက သတ်မှတ်ကာလအတွင်း ပေးပို့လာသည့် ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြေပြင်တွင် ဥပဒေနှင့်အညီ နေထိုင်ခြင်းရှိ/မရှိ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်များ တူညီနေမှုရှိ/မရှိ၊ ဝန်ထမ်းများပါဝင်နေမှု ရှိ/မရှိ၊ ပါတီတစ်ခုထက်ပို၍ ပါတီဝင်ဖြစ်နေမှု ရှိ/မရှိ၊ နေရပ်လိပ်စာပြည့်စုံမှု ရှိ/မရှိ၊ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ/မရှိတို့ကို သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ပူးပေါင်း၍ စိစစ်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်မည်ဖြစ်သဖြင့် သက်ဆိုင်ရာပါတီအသီးသီး၏ မြို့နယ်တာဝန်ခံများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီးပါတီကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အရာရှိနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းစိစစ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့် အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီနှင့် ကရင်ပြည်သူ့ပါတီတို့မှ တိုင်းဒေသကြီးပါတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရောဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် စက်တင်ဘာ ၂၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်မှုဖြင့် မွန်ပြည်နယ်အတွင်း မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ၏ သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ပါတီဝင်ခွင့်လျှောက်ထားသူများအား နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၁ အရ စိစစ်ရာတွင် သတ်မှတ်ပါတီဝင်အင်အားစာရင်း မှန်ကန်မှုရှိ/မရှိ၊ မြေပြင်တွင် အမှန်တကယ်နေထိုင်မှု ရှိ/မရှိတို့ကို စိစစ်ခံနိုင်ရေး ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက်က မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ပြည်နယ် ရွေးကောက်ပွဲအရာရှိ၊ မွန်ပြည်နယ်အတွင်းရှိ ဌာနချုပ်ပါတီဖြစ်သော အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၊ ပြည်နယ်အဆင့်ပါတီများ ဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ပါတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ပြည်နယ်ရွေးကောက်ပွဲအရာရှိက အမှာစကား ပြောကြားပြီး တက်ရောက် လာကြသည့် ပြည်နယ်အဆင့် ပါတီတာဝန်ခံများက ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျပန်းစကားပြော ပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် အထက–၄ (ကမာရွတ်)၌ ပြုလုပ်ရာ ဆုရကျောင်းသားတစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးလွင်က ဆုချီးမြှင့်စဉ်။

ဘော်ဂါသွေး

သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ ကြိုးပမ်းစို့

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ကို **“သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးနေ့”** အဖြစ် သတ်မှတ်ကာ သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်းများအတွက် မူကြီး(၅)ရပ် ချမှတ်ထားပါသည်။

၎င်းမူကြီး (၅) ရပ်မှာ–

၁။ အမှီအခိုကင်းပြီး လွတ်လပ်မှုအပြည့်အဝရရှိရေး (INDEPENDENCE)၊

၂။ ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး (PARTICIPATION)၊

၃။ အပြန်အလှန်စောင့်ရှောက်မှု ပြုရေး (CARE)၊

၄။ မိမိကိုယ်တိုင် ဖြည့်စွမ်းနိုင်ရေး (SELF–FULLMENT)၊

၅။ ဂုဏ်သိက္ခာရှိရှိ ရပ်တည်ခွင့်ရှိရေး (DIGNITY) ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့တိုင်း **“သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား”**များကို ကျင်းပခဲ့ရာ အဆိုပါမူကြီး (၅) ရပ်နှင့် ကိုက်ညီပြည့်စုံအောင် ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ နယ်မြေဒေသအခြေအနေအရ ပြည့်မီအောင်ဆောင်ရွက်နိုင်မှု မရှိသည်များကိုလည်း တွေ့မြင်နေရပါသည်။

**သက်ကြီးရွယ်အိုအရေအတွက် ငါးသန်းကျော်ရှိ**

နိုင်ငံတော်က သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းထားရာ ၂၀၁၆ ခုနှစ် ဥပဒေအရ **“သက်ကြီးရွယ်အိုဆိုသည်မှာ အသက် ၆၀ အထက်ရှိသော မြန်မာနိုင်ငံသားအားလုံးကို ဆိုလိုသည်”**ဟု ဖွင့်ဆိုထားပါသည်။ ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံရှိ အသက် ၆၀ အထက် သက်ကြီးရွယ်အိုဦးရေစုစုပေါင်းသည် တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ကိုးရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၁၅ ရာခိုင်နှုန်းအထိ တိုးပွားများပြားလာနိုင်ကြောင်း၊ ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် တစ်နိုင်ငံလုံးရှိ အသက် ၁၀၀ နှင့်အထက် အဘိုး ၁၆၉ ဦး၊ အဘွား ၄၀၀ စုစုပေါင်း ၅၆၉ ဦးကို နိုင်ငံတော်က ထောက်ပံ့ပေးခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေသန်း ၅၀ ကျော်ထဲတွင် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုအရေအတွက် ငါးသန်းကျော်ရှိကြောင်း၊ အသက် ၆၅ နှစ်အထက် ငါးရာခိုင်နှုန်းရှိကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ သက်ကြီးရွယ်အိုများကို အဆင့်လေးဆင့် ထပ်မံခွဲခြား သတ်မှတ်ထားပါသေးသည်။

၁။ အသက် ၆၁ နှစ်အရွယ်မှ အသက် ၇၀ အရွယ်အထိကို **“ဝဏ်ဒသကအရွယ်”** (ခါးကိုင်းသောအရွယ်)

၂။ အသက် ၇၁ နှစ်အရွယ်မှ အသက် ၈၀ အရွယ်အထိကို **“ပဗ္ဗရဒသကအရွယ်”** (မှုန်မှိုင်းထုံထိုင်းသော အရွယ်)

၃။ အသက် ၈၁ နှစ်အရွယ်မှ အသက် ၉၀ အရွယ်အထိကို **“မောမူဟဒသကအရွယ်”** (တွေဝေမိန်းမောသော အရွယ်)

၄။ အသက် ၉၁ နှစ်အရွယ်မှ အသက် ၁၀၀ ပြည့်အရွယ်ကို **“သေယျဒသကအရွယ်”** (အိပ်ရာထဲ လဲနေသော



အရွယ်) ဟူ၍ ကျန်းမာရေးစစ်တမ်းများအရ ယေဘုယျသဘောသတ်မှတ်ထားကြသည်။

ယေဘုယျသဘော ဟူသည်မှာ သက်ကြီးရွယ်အိုအများစုတွင် ဖြစ်လေ့ဖြစ်ထများပြားသော ရောဂါဝေဒနာများနှင့် သွင်ပြင်လက္ခဏာများကို အခြေခံပြီး သတ်မှတ်ထားခြင်းဖြစ်သည်။ အချို့အသက် ၈၀ ကျော် ၉၀ နီးပါးအထိ တွေဝေထုံထိုင်းခါးမကိုင်းကြဘဲ ပရဟိတလုပ်ငန်းများ၊ မိသားစုလုပ်ငန်းများကို အရှိန်မပြတ် ဆက်လက်ဆောင်ရွက်နေကြဆဲ၊ ကျန်းမာလန်းဆန်းစွာဖြင့် သွားလာလှုပ်ရှားနေကြဆဲ ရပ်တည်နေကြပါသည်။

အများစုမှာမူ ဇရာနှင့်ရောပြီး ဗျာဓိဝေဒနာကို ခံစားရင်း မရဏနှင့်ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် **“မန်လည်ဆရာတော်ဘုရားကြီး”**က မဃဒေဝလင်္ကာတွင် . . .

**“ဆံတော်မြရွက်၊ ဖြူကျားကွက်၍၊ တစ်ရက်တစ်ရက်၊ ရွှေ့ရွှေ့ပျက်လျက်၊ နေပြက်ကြာနှယ်၊ မတင့်တယ်ဘဲ၊ နွမ်းနယ်လျော့ပါး၊ ဇရာအားဖြင့်၊ ဖောက်ပြားနှိပ်စက်၊ သေမင်းလက်၌၊ သေဘက်သို့နီး၊ သက်တော်ကြီး၍၊ ခရီးလမ်းတို၊ ရွယ်တော်အိုခဲ့”**ဟု သက်ကြီးရွယ်အိုများကို ညွှန်းဆိုခဲ့သည်။

**ဘဝနေညိုချိန်မို့ စွမ်းဆောင်ရှိန် ကျဆင်းနေပါပြီ**

**“စာဆိုအကျော်အမော် မောင်းထောင် ဦးကျော်လှ”** ကလည်း သူ့ကိုတံခါးစောင့်တာဝန် ပေးအပ်ချီးမြှင့်ခဲ့သော ဘုတလင်မြို့အုပ်ထံသို့ **“အရွယ်မှာ အစွယ်ကျိုးပြီမို့၊ ကွယ်ကိုးရန် မပေါ်ဘူး၊ ညှိုးရော်ရော် ဘိုးကျော်လှငဲ့၊ ကိုးမော်ရဉာဏ်ဝိဇ္ဇာ”**ဟူ၍ သံချိုးရေးစပ်ပို့အပ်ခဲ့သည်။ တစ်ချိန်က ကိုးမော်ရဝိဇ္ဇာဖြစ်ခဲ့သော်လည်း ယခုတော့ ဘဝနေညိုချိန်မို့ စွမ်းဆောင်ရှိန် ကျဆင်းနေပါပြီဟု အရွယ်ကျသွား၍ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်စွမ်း မရှိတော့ကြောင်း ရိုးသားစွာ စာကဗျာဖြင့် အသိပေး တင်ပြခြင်းဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးဆုရ ဂန္ဓဝင်မျိုးချစ်စာဆိုတော်ကြီး **“သခင်ကိုယ်တော်မှိုင်း”** ကလည်း ဆရာစံ ဂဠုန်ဘွဲ့လေးချိုးကြီးတွင် – **“ဩော် . . . ဘာမဟုတ်၊ ညာမဟုတ်၊ မြန်မာမနုဿတွေမှာဖြင့်၊ မဟာဒုက္ခ. . .မဟာဒုက္ခဟဲ့ . . . ဇရာဒုဗ္ဗလအရွယ်၊ အသွမ်းမသွေးသင့်တဲ့ နှုတ်ခမ်းမွေးအမြင် မဟုတ်တောင်မှ”** ဟူ၍ အစချီကာ ဇရာဒုဗ္ဗလအရွယ်ကို အားမလိုအားမရ မချင့်မရဲဖြင့် ဖွဲ့နွဲ့ညည်းတွားခဲ့သည်။ ထို့ပြင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက “အိုမင်းရင့်ရော်လာမှဖြင့်၊ ဘာဆိုဘာမှ မစွမ်းသာတော့ပါဘူး။ ဒါကြောင့်အိုမင်းမစွမ်းတွေပေါ့ကွယ်”ဟု ရယ်ရယ်မောမောဟာသနှော ပြောကြားခဲ့ပါသေးသည်။ ဘဝနေညိုချိန်တွင် မေးမှိန်ဖျော့တော့ စွမ်းအင်တွေ လျော့နည်းကုန်ကြခြင်း၊ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ခြင်းကို ဆိုလိုရင်းဖြစ်သည်။

**“မဲ့သုံးမဲ့”နှင့် ကြုံတွေ့ကြရ**

မေးမှိန်ဖျော့တော့ စွမ်းအင်များ လျော့နည်းလာကြသည့်အထဲ **(၁)အလုပ်လက်မဲ့၊ (၂) ဝင်ငွေမဲ့၊ (၃) အပေါင်းအသင်းမဲ့ဟူသော “မဲ့သုံးမဲ့”**နှင့်ကြုံတွေ့ကြရလေသောအခါ အရွယ်က ပို၍ကျလာသကဲ့သို့ စိတ်ဓာတ်တွေပါ ကျသွားကြလေ့ရှိပါသည်။ ထိုထက်ပို၍ **“မှီခိုရာမဲ့၊ ကူကယ်ရာမဲ့၊ ခိုကိုးရာမဲ့”**ဟူသော မဲ့တစ်လုံးနှင့် ထပ်မံကြုံတွေ့ကြရသောအခါ လူ့ဘဝကို စိတ်ကုန်လာကြကာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်လာကြလေ့ ရှိပါသည်။

အိုမင်းမစွမ်းအရွယ်သို့ ရောက်လာကြတော့မှ ပစ္စည်းဥစ္စာပျက်စီးဆုံးရှုံးခြင်း၊ ဇနီးမယား၊ ခင်ပွန်းယောကျ်ား၊ သားသမီးဆွေမျိုးဉာတိ ပျက်စီးဆုံးရှုံးခြင်း၊ သားသမီးဆွေမျိုးကျောထောက်နောက်ခံမရှိခြင်း၊ ရှိကြသော်လည်း စုန်ရေသာရှိပြီး ဆန်ရေမရှိသောလောကနိယာမအရ မှီခို၍မရခြင်းစသည့် လောကဓံတရားများ၊ ဗျသနတရားဝဋ်ဒုက္ခများကြောင့် လောကအလယ်တွင် သနားစဖွယ် မျက်နှာငယ်နေကြရှာသော **“ကူကယ်ရာမဲ့ အဘိုးအဘွားများ၊ ခိုကိုးရာမဲ့အဘိုးအဘွားများ”** များစွာ ရှိနေကြပါသည်။ **“မြန်မာအို ကျောင်းကြိုကျောင်းကြား”** ဆိုစကားနှင့်အညီ တောင်ဝှေးလေးတွေ ကိုယ်စီဖြင့် လှည့်လည်သွားလာ ရှာဖွေစားသောက်နေကြရပါသည်။

**နီတိသုံးရပ်ကိုထိန်းသိမ်းလိုက်နာ**

ဗုဒ္ဓဘာသာထွန်းကားရာ မြန်မာနိုင်ငံတွင်မူ လောကနီတိ၊ ရာဇနီတိ၊ ဓမ္မနီတိစသည့် နီတိသုံးရပ်ကို နှစ်ပေါင်းရာထောင်ချီပြီး လေ့ကျင့်ထိန်းသိမ်းလိုက်နာခဲ့ကြသောကြောင့် ယဉ်ကျေးမှုအစဉ်အလာကောင်းများ ရှိခဲ့ကြသည်။ (၃၈) ဖြာ မင်္ဂလာတရားများ၊ မိဘနှင့်သားသမီး၊ ဆရာနှင့် တပည့်၊ မိတ်ဆွေဝတ္တရားကျင့်ဝတ်များ၊ ရိုးရာယဉ်ကျေးမှုထုံးဓလေ့များနှင့်အညီ ကျင့်ကြံနေထိုင်ခဲ့ကြသဖြင့် နိုင်ငံအတွင်းရှိ အဘိုးအဘွားများသည် အခြားနိုင်ငံများရှိ အဘိုးအဘွားများကဲ့သို့ အခြေအနေဆိုးရွားမှု မရှိကြပေ။ လူမှုရေးအဆုံးအမ၊ ဘာသာရေးအယူအဆများကြောင့် မိအိုဖအို သက်ကြီးရွယ်အိုများကို ကျွေးမွေးစောင့်ရှောက်ပြုစုခဲ့ကြသည်။

ထို့ကြောင့်လည်း **“ရဟန်းစာဆိုရှင်မဟာရဋ္ဌသာရ”**က . . .

**“မြင်းမိုရ်တောင်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မိခင်ဖခင်၊ ကျေးဇူးရှင်နှင့်၊ ထို့ပြင်တခြား၊ ဘိုးနှင့်ဘွားကို၊ ဘုရားတစ်ဆူ၊ ဂူတစ်လုံးသွင်၊ စိတ်ကထင်လျက်၊ ဦးတင်လက်ထား၊ အစားအဝတ်၊ မလွတ်စေရ၊ ရေပူရေအေး၊ လိုရာပေး၍၊ မွေးကျွေးကြပေ၊ တစ်ထွေမှတ်သား၊ အခါးအချို၊ သူတို့လိုလည်း၊ ဘိုးဘွားမိဘ၊ ဆရာစသည်၊ ပြသဆိုထွေ၊ မျိုတတ်စေ”**ဟု ဆိုဆုံးမခဲ့သည်။



ဘိုးဘွားရိပ်သာများ စတင်တည်ထောင်ခဲ့သူ ဘွားဒေါ်ဦးဇွန်း

**“သင်လည်း ဤသို့အိုရအံ့”ဟူသော ဘွားဒေါ်ဦးဇွန်း တည်ထောင်ခဲ့သည့် ဘိုးဘွားရိပ်သာများ၏ ဆောင်ပုဒ်ကဲ့သို့ ဇာတိကစလာလျှင် ဇရာ၊ ဗျာဓိ၊ မရဏ တရားများနှင့် မုချမသွေရင်ဆိုင်ကြရပေမည်။ လူတိုင်းကြုံတွေ့ကြရမည့် ဇရာဘေးအတွက် စာနာထောက်ထားကြသော အကြင်နာ၊ ကရုဏာ၊ မေတ္တာများဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီ**

စာမျက်နှာ ၁၁ သို့ ✧

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အရာထမ်းများ၏ ပြည်ပသင်တန်း အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၂**

စင်ကာပူနိုင်ငံတွင် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သည့် Course on Transparency and Good Practise in Public Sector Management သို့ တက်ရောက်ခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ အရာထမ်းနှစ်ဦးက ပြည်ပသင်တန်းအတွေ့အကြုံ ရှင်းလင်းပွဲကို ယနေ့တွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အတွေ့အကြုံရှင်းလင်းပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ဝန်ထမ်းများအနေဖြင့် စဉ်ဆက်မပြတ် လေ့လာသင်ယူလိုစိတ်ရှိရန်လိုကြောင်း၊ ပြည်ပနိုင်ငံများ၏ ကောင်းမွန်သည့် အလေ့အထများကို အတုယူ၍ ကြိုးစားလေ့လာ ဆောင်ရွက်ရန်လိုကြောင်း၊ သင်တန်းတက်ရောက်ရာတွင် ဝင်ရောက်ဆွေးနွေးခြင်း၊ မေးမြန်းခြင်းနှင့် မိမိထင်မြင်ယူဆချက်များကို တင်ပြနိုင်သည့် အရည်အချင်းများရှိနေရန် ကြိုးစားလေ့လာကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် စီမံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးမင်းသောင်းက စင်ကာပူနိုင်ငံနှင့် ချီလီနိုင်ငံတို့၏ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် တည်တံ့ခိုင်မြဲစေရေး၊ ပွင့်လင်းမြင်သာမှု၊ အဂတိလိုက်စားမှု ထိန်းချုပ်ရေးဆိုင်ရာ နည်းလမ်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက စင်ကာပူနိုင်ငံနှင့် ချီလီနိုင်ငံတို့က လက်ခံကျင့်သုံးလျက်ရှိသည့် အစိုးရဝယ်ယူရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများ၊ စစ်ဆေးထိန်းကျောင်းမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်လင်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ

လှိုင်လင် စက်တင်ဘာ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက လှိုင်လင်မြို့ပေါ်ရှိ အမှတ်(၁)ရပ်ကွက်တွင် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးကံစောလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်တို့က ကြည့်ရှုခဲ့သည်။

လှိုင်လင်မြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ဇွန် ၁၈ ရက်မှစတင်၍ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မှီခိုသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ၏ ဇီဝဆိုင်ရာအချက်အလက်များကို စဉ်ဆက်မပြတ် ကောက်ယူလျက်ရှိရာ ယနေ့အထိ ကောက်ယူပြီးစီးမှုမှာ ၇၇၉၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



✧ စာမျက်နှာ ၁၀ မှ

ထိုသို့သော ဆိုဆုံးမခဲ့မှုများကြောင့် ခိုကိုးရာမဲ့အဘိုးအဘွားများကို ခေတ်အဆက်ဆက်တွင် နည်းလမ်းအမျိုးမျိုးဖြင့် စောင့်ရှောက်ခဲ့ကြသည်။ ဇရပ်ကြီးငယ်မှန်သမျှသည် ခရီးသည်များ ရပ်နားအပန်းဖြေရာနေရာများ ဖြစ်ခဲ့ကြသကဲ့သို့ သက်ကြီးရွယ်အိုများ မှီခိုရာနေရာများလည်း ဖြစ်ခဲ့ကြသည်။ "ဟိုတယ်အစ၊ ဇရပ်က" ဆိုသကဲ့သို့ လူအိုရုံအစ ဇရပ်ကဟုလည်း ဆိုနိုင်ပါသည်။ သာလွန်မင်းတရားကြီးနှင့် မင်းတုန်းမင်းတရားကြီးတို့လက်ထက်တွင် လူအိုရုံများ ရှိခဲ့ကြသည်။ နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝတွင် မန္တလေးမြို့မှ ပတ္တမြားအုတ်ကျောင်းအမကြီး၊ မေတ္တာစေတနာ ကရုဏာရှင်ကြီး၊ စွန့်ဦးတီထွင်စွမ်းဆောင်ရှင်ကြီး ဒေါ်ဦးဇွန်းက အမျိုးဘာသာသာသနာချစ်စိတ်ဖြင့် "မင်းကွန်းလူအိုရုံ (နောင်တွင်)မင်းကွန်းဘိုးဘွားရိပ်သာ" ကို ၎င်း၏ စည်းစိမ်ဥစ္စာများဖြင့် စတင်တည်ထောင်ခဲ့ရာ သမိုင်းသက်သေတည်သွားခဲ့သည်။ ဘွားဒေါ်ဦးဇွန်းသည် သထုံ၊ ပေါင်းတည်၊ ပခုက္ကူနှင့် ရန်ကုန်မြို့ နှင်းဆီကုန်း ဒေသတို့တွင်လည်း ဘိုးဘွားရိပ်သာများ တည်ထောင်ပေးခဲ့ရာ ဘိုးဘွားရိပ်သာငါးခု လှူဒါန်းတည်ထောင်ခဲ့သူ စေတနာရှင် စွမ်းဆောင်ရှင် သူတော်စင်ကြီးဖြစ်ပါသည်။

ယခုဆိုလျှင် ၂၀၁၆ ခုနှစ်အထိ လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုထားသော တစ်နိုင်ငံလုံးရှိ ဘိုးဘွားရိပ်သာပေါင်း ၈၁ ခုတွင် အဘိုး ၈၃၈ ဦး၊ အဘွား ၁၈၄၇ ဦး စုစုပေါင်းအဘိုးအဘွား ၂၆၈၅ ဦးရှိခဲ့ကြောင်း သိရသည်။ လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြုခြင်းမခံရသေးသော (အချို့ကလည်း အသိအမှတ်ပြုလွှာ မတင်ပြရသေးသော) ဘိုးဘွားရိပ်သာများစွာ ရှိနေပါသေးသည်။ ထိုသို့ဘိုးဘွားရိပ်သာများထဲတွင် သက်တမ်းကြာရှည်ပြီး အအောင်မြင်ဆုံး၊ အတိုးတက်ဆုံး နိုင်ငံ့ဂုဏ်ဆောင်၊ နိုင်ငံ့ကျက်သရေဆောင် ဘိုးဘွားရိပ်သာကြီးမှာ **"နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး"** ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက **"ဘိုးဘွားများနေ့"**ကို ၁-၁၀-၁၉၉၁ ရက်နေ့ကျမှသာ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးက ၄-၇-၅၁ ရက်နေ့ကတည်းက **"ဘိုးဘွားများနေ့"** သတ်မှတ်ခဲ့ပြီး နှစ်စဉ် ဘိုးဘွားများနေ့အထိမ်းအမှတ်အလံများ ထုတ်ဝေခဲ့ရာ ကုလသမဂ္ဂထက် နှစ် ၄၀ စောခဲ့ပါသည်။ ဘိုးဘွားများနေ့နှင့်ပတ်သက်၍ ကမ္ဘာတွင်မြန်မာက ပထမစံပြစွန့်ဦးတည်ထွင်ဖြစ်ခဲ့ပါသည်။ နိုင်ငံအတွင်းတွင် ဒုတိယ နိုင်ငံ့ကျက်သရေ ဘိုးဘွားရိပ်သာမှာ **"မင်းကွန်းဘိုးဘွားရိပ်သာ"** ဖြစ်ပါသည်။ ယနေ့ လက်ရှိအခြေအနေတွင် ဖွံ့ဖြိုးတိုးတက်လာသည့် ဘိုးဘွားရိပ်သာကို ညွှန်းဆိုရပါလျှင် နေပြည်တော်ရှိ **"စွန့်လွှတ်စွန့်စားသူတို့၏ ကွန်းခိုရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာကြီး"**ဖြစ်ပါသည်။

**သက်ကြီးရွယ်အိုဆုံစည်းရာဘုံရိပ်သာ**

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးက **သက်ကြီးရွယ်အိုစောင့်ရှောက်မှု လုပ်ငန်းများအတွက် ချမှတ်ထားသော မူ (၅) ရပ်အနက် တတိယမူဖြစ်သည့် "အပြန်အလှန် စောင့်ရှောက်မှုပြုရေး (CARE)"** နှင့်ပတ်သက်၍ ရန်ကုန်မြို့ တာမွေမြို့နယ်ထဲတွင် **"သက်ကြီးရွယ်အိုဆုံစည်းရာဘုံရိပ်သာ"** (DAY CARE CENTRE) ဖွင့်လှစ်ခဲ့ပါသည်။ အဘိုးအဘွားများ တစ်နေ့တာတွေ့ဆုံကြပြီး အပြန်အလှန် ညှိနှိုင်းစိတ်အပန်းဖြေကြခြင်းဖြစ်သည်။ ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်းဌာနတွင်လည်း ထိုနည်းတူ ဖွင့်လှစ်ခဲ့ပါသည်။ ပရဟိတလုပ်ငန်းများ တိုးပွားများပြားလာသကဲ့သို့ မြို့နယ်တိုင်းတွင်လည်း ဘိုးဘွားရိပ်သာများကို တစ်နိုင်တစ်ပိုင် တည်ထောင်ဖွင့်လှစ်ပေးကြစေချင်ပါသည်။

နိုင်ငံတော်အနေဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေပုဒ်မ ၂၅ အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီ၊ မေ၊ ဇွန်လ (သုံးလတစ်ကြိမ်) မှစတင်၍ အသက် ၉၀ နှင့်အထက် ဘိုးဘွားများအား တစ်ဦးလျှင် လစဉ်ငွေကျပ် တစ်သောင်းနှုန်းစီ ထောက်ပံ့ပေးခဲ့ပါသည်။ နိုင်ငံ၏ဘဏ္ဍာငွေအခြေအနေ အပေါ်မူတည်ပြီး ဘိုးဘွားများကို ဆက်လက်တိုးမြှင့် ထောက်ပံ့ပေးစေချင်ပါသည်။ ဘိုးဘွားများ၏အသက်ကိုလည်း လျှော့ပေါ့စဉ်းစားပေးစေချင်ပါသည်။

တစ်ကမ္ဘာလုံးတွင် ၁၉၅၀ ပြည့်နှစ်က အသက် ၆၀ ကျော် လူဦးရေ သန်း ၂၀၀ ကျော်ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် သန်း ၆၀၀ ကျော် ဖြစ်လာခဲ့သည်။ ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း ၂၀၀၀ ကျော် ရှိလာမည်ဟု ခန့်မှန်းထားကြသည်။ ထိုသန်း ၂၀၀၀ ကျော်ထဲတွင် အသက် ၆၀ နှင့်အထက်ရှိသူတို့၏ သုံးပုံနှစ်ပုံမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိပြီး ၈၀ ရာခိုင်နှုန်းမှာ အငြိမ်းစားစီမံကိန်းခံစားခွင့်မရှိသူများဖြစ်ကြလိမ့်မည်ဟု ခန့်မှန်းထားကြသည်။ နိုင်ငံကြီးတစ်နိုင်ငံတွင် သက်ကြီးရွယ်အို ၁ ဒသမ ၅ သန်းရှိရာ အချို့သက်ကြီးရွယ်အိုများ သေဆုံးသောအခါ လူ့ဂုဏ်သိက္ခာနှင့်မလျော်ညီသော စွန့်ပစ်ခြင်းကို ခံနေကြရသည်။ ဟောင်ကောင်ကျွန်းတွင် သက်ကြီးရွယ်အိုနှင့် ဦးနှောက်မကောင်းသူ နေ့စဉ်ပျမ်းမျှခြောက်ဦးနှုန်း ပျောက်ဆုံးနေရာ ပျောက်ဆုံးမှု၏ ၇၅ ရာခိုင်နှုန်းမှာ ရဲတပ်ဖွဲ့သို့ အကြောင်းကြားခြင်းမရှိဟု သိရသည်။ ဩစတြေးလျနိုင်ငံတွင် အကျဉ်းထောင်သား တစ်ဦးအတွက် စားစရိတ် ၅ ဒသမ ၇ ဒေါ်လာ သတ်မှတ်ထားသော်လည်း အစိုးရက ကြည့်ရှုစောင့်ရှောက်ထားသော သက်ကြီးရွယ်အိုများအတွက်ကိုမူ နှစ်ဒေါ်လာသာဖြစ်သည်ဟု သိရသည်။ စင်ကာပူနိုင်ငံတွင် ကုမ္ပဏီ ၉၀ ရာခိုင်နှုန်းသည် အသက် ၅၀ ကျော်အရွယ်များကို အလုပ်ခန့်လေ့မရှိဟု ဆိုသည်။

**သက်ကြီးရွယ်အိုများကို စောင့်ရှောက်**

အမေရိကန်နိုင်ငံတွင်မူ(၁)သက်ကြီးရွယ်အိုများကို သက်ကြီးဂေဟာများတွင် သွားရောက်နေထိုင်စေခြင်း၊ (၂)လုပ်အားခပေး၍ခေါ်ယူစောင့်ကြည့်ခြင်း၊ (၃) လူမှုဖူလုံရေးအဖွဲ့အစည်းများတွင် မှီခိုခြင်းဟူသော နည်းလမ်းသုံးသွယ်ဖြင့် သက်ကြီးရွယ်အိုများကို စောင့်ရှောက်နေကြသည်။ တောင်ကိုရီးယားနိုင်ငံကလည်း အမေရိကန်နိုင်ငံနှင့် ခပ်ဆင်ဆင်ပင်ဖြစ်သည်။ တရုတ်ပြည် ရှန်ဟဲဂျင်းဂန်ခရိုင်၌ သက်ကြီးရွယ်အိုများကို တစ်နေရာတည်းတွင်မထားဘဲ ၎င်းတို့၏ နေအိမ်များသို့ ကျွမ်းကျင်သူလုပ်သားများ စေလွှတ်၍ပြုစုပေးခြင်းနှင့်နေ့ဘက်တွင် ကြည့်ရှုစောင့်ရှောက်ပေးသော ဝန်ဆောင်မှုလုပ်ငန်း တည်ထောင်ခြင်းဟူသော နည်းလမ်းနှစ်သွယ်ဖြင့် ပံ့ပိုးကူညီနေကြသည်။

ဂျပန်တို့သည် ကမ္ဘာပေါ်တွင် အသက်အရှည်ဆုံး လူမျိုးများဖြစ်ရာ အသက် ၆၅ နှစ်အထက်ရှိသူ စုစုပေါင်း ၂၇ ဒသမ ၄၄ သန်းရှိသဖြင့် မြန်မာနိုင်ငံရှိ လူဦးရေအားလုံး၏ ထက်ဝက်ခန့်ရှိသည်။ ပျမ်းမျှသက်တမ်းမှာ အမျိုးသား ၇၉ နှစ်၊ အမျိုးသမီး ၈၅ နှစ်ဖြစ်သည်။ သက်ကြီးရွယ်အိုများအတွက် လူမှုဖူလုံရေးစီမံကိန်းရှိသည့်အပြင် သင့်တော်သောအလုပ်အကိုင်များ ရှာဖွေပေးကြသည်။ အငြိမ်းစားယူပြီးသူ ၃၀ ရာခိုင်နှုန်းမှာ အခြားသင့်လျော်ရာအလုပ်များကို ပြန်လုပ်ခွင့်ရကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံနှင့် လူမျိုး၊ ဘာသာဓလေ့ထုံးစံများအရ သက်ကြီးရွယ်အိုများကို စောင့်ရှောက်မှုနည်းလမ်းမျိုးစုံဖြင့် ပြုစုစောင့်ရှောက်နေကြပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် နိုင်ငံ့ဘဏ္ဍာငွေ အခြေအနေပေါ်မူတည်ပြီး သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်နေကြလေရာ မုဒိတာပွားများကြရပါသည်။

"သင်လည်း ဤသို့အိုရအံ့"ဟူသော ဘွားဒေါ်ဦးဇွန်း တည်ထောင်ခဲ့သည့် ဘိုးဘွားရိပ်သာများ၏ ဆောင်ပုဒ်ကဲ့သို့ ဇာတိကစလာလျှင် ဇရာ၊ ဗျာဓိ၊ မရဏတရားများနှင့် မုချမသွေရင်ဆိုင်ကြရပေမည်။ လူတိုင်းကြုံတွေ့ကြရမည့် ဇရာဘေးအတွက် စာနာထောက်ထားကြသော အကြင်နာ၊ ကရုဏာ၊ မေတ္တာများဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကျမ်းကိုး**

- **နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး(၇၅)နှစ်မြောက်စိန်ရတုမဂ္ဂဇင်း။**
- **နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး နှစ်(၈၀)ပြည့် ပတ္တမြားရတုမဂ္ဂဇင်း**
- **မင်းကွန်း၊ သထုံ၊ ပေါင်းတည်၊ ပခုက္ကူနှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာများသို့ သွားရောက်လေ့လာ မှတ်တမ်းပြုစုချက်များ**

# ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် ရေလယ်ဘုရားကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းနှင့် ရှင်ဥပဂုတ္တကျောင်းဆောင် ဆောက်လုပ်ခြင်းအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်ရေလယ်ဘုရားကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့် ရှင်ဥပဂုတ္တကျောင်းဆောင် ဆောက်လုပ်ခြင်းအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို Green City၊ Clean City၊ Smart City အဖြစ် ဆောင်ရွက်ရာတွင် ပျဉ်းမနားမြို့၏ အထင်ကရနေရာ ကန်တော်မင်္ဂလာရှမ်းကန်ကြီးကို သန့်ရှင်းသာယာလှပပြီး အများပြည်သူ အပန်းဖြေနားနေရာတစ်ခုအဖြစ် ရေရှည်တည်ရှိနေရန်အတွက် မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နေပြည်သူလူထုများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီးမိသားစုက အလှူငွေကျပ်သိန်း ၅၀ ကို လှူဒါန်းရာ မြို့မိမြို့ဖ တစ်ဦးက လက်ခံရယူသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၅၀ ကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၅၀ ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က လည်းကောင်း လှူဒါန်းရာ မြို့မိမြို့ဖများက လက်ခံရယူသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် အမြဲတမ်းအတွင်းဝန်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် ရေလယ်ဘုရားကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့် ရှင်ဥပဂုတ္တကျောင်းဆောင် ဆောက်လုပ်ခြင်းအတွက် နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် နေပြည်တော်ကောင်စီမှတစ်ဆင့် ငွေကျပ် ၇၆၀၈၂၀၀၀ ကို လှူဒါန်းခဲ့ပြီး ယခု ဒုတိယအကြိမ် ပေးအပ်လှူဒါန်းမှုမှာ အလှူရှင် ၈၄ ဦးမှ လှူဒါန်းငွေကျပ် ၅၄၆ သိန်း ဖြစ်ပြီး စေတနာရှင် အလှူရှင်များအနေဖြင့် ဆက်လက်လှူဒါန်းလိုပါက နေပြည်တော်ကောင်စီရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ကန်တော်မင်္ဂလာရှမ်းကန်တွင် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည့် ရေလယ်ကျောင်းဆောင်၊ ရှင်ဥပဂုတ္တကျောင်းဆောင်တို့ အသစ်တည်ဆောက်ခြင်း၊ လူလျှောက်လမ်းတံတား အသစ်တည်ဆောက်နေမှုနှင့် ကန်တော်မင်္ဂလာရှမ်းကန်ပတ်လည်တွင် မြေယာရှုခင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နောက်ဆုံးနေ့ယှဉ်ပြိုင်မှု ကြည့်ရှုအားပေး

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် MCC ခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နောက်ဆုံးနေ့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။



**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အတီးပြိုင်ပွဲဖြစ်သည့် အိုးစည်အဖွဲ့လိုက်၊ ဒိုးပတ်အဖွဲ့လိုက် ယှဉ်ပြိုင်နေမှု၊ အဆိုပြိုင်ပွဲဖြစ်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တေးသီချင်း ယှဉ်ပြိုင်နေမှု၊ ဆိုင်းတစ်ဦးချင်းနှင့် ဆိုင်းအဖွဲ့လိုက် ယှဉ်ပြိုင်နေမှုတို့ကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတိုင်းဒေသကြီးအဆင့်တွင် ဝါသနာရှင်(ပထမတန်း)နှင့် ဝါသနာရှင်(ဒုတိယတန်း) အဆင့်အလိုက် ယှဉ်ပြိုင်ခဲ့ကြရာ အဆိုကဏ္ဍတွင် မဟာဂီတ၊ ကာလပေါ်၊ ဇာတိမာန်ဘာသာရပ်တို့၌ ၆၅ ဦး၊ အကကဏ္ဍတွင် အက၊ ရုပ်သေး၊ ကွက်စိပ်ဘာသာရပ်တို့၌ ၃၇ ဦး၊ အရေးကဏ္ဍတွင် ၁၃ ဦး၊ အတီးကဏ္ဍတွင် စောင်း၊ စန္ဒရား၊ နှဲ၊ ပုလွေ၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်းတစ်ဦးချင်း၊ ဆိုင်းအဖွဲ့လိုက်၊ အိုးစည်အဖွဲ့လိုက်၊ ဒိုးပတ်အဖွဲ့လိုက်တို့၌ ၂၀၃ ဦးတို့ဖြင့် စုစုပေါင်း ဘာသာရပ်လေးမျိုးတွင် ဝါသနာရှင် ၃၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

တိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ စက်တင်ဘာ ၂၀ ရက် ဖွင့်ပွဲနေ့တွင် အကပြိုင်ပွဲ၌ ရုပ်သေး၊ ကွက်စိပ်၊ အတီးပြိုင်ပွဲတွင် စောင်း၊ စန္ဒရား၊ ပတ္တလားနှင့် အရေးပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ခဲ့ကြပြီး စက်တင်ဘာ ၂၁ ရက်တွင် အဆိုပြိုင်ပွဲ၌ မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ်၊ အတီးပြိုင်ပွဲ၌ နှဲ၊ ပုလွေ၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်းနှင့် အရေးဘာသာရပ်တို့ကို ယှဉ်ပြိုင်ခဲ့ကြသည်။

ယနေ့ နောက်ဆုံးနေ့ပြိုင်ပွဲတွင် အဆိုပြိုင်ပွဲ၌ အမျိုးဂုဏ်၊ ဇာတိဂုဏ်သီချင်းဖြင့် ပြိုင်ပွဲဝင် ၂၀၊ အတီးပြိုင်ပွဲ၌ ဆိုင်းတစ်ဦးချင်း၊ အိုးစည်၊ ဒိုးပတ်အဖွဲ့လိုက်နှင့် ဆိုင်းအဖွဲ့လိုက်ဘာသာရပ်တို့တွင် ဝါသနာရှင် ၁၂၄ ဦးတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ တိုင်းဒေသကြီးအဆင့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွေးချယ်ခံရသည့် ဘာသာရပ်လေးမျိုးမှ ဝါသနာရှင်များကို လှိုင်နယ်မြေရှိ လှိုင်စင်တာတွင် စက်တင်ဘာ ၂၄ ရက်မှ စတင်၍ အောက်တိုဘာ ၂၀ ရက်အထိ ဗဟိုအဆင့်ပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# ဗဟန်းမြို့နယ်၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း တက်ရောက်နိုင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ အလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတက်ရောက်နိုင်ရေး အတတ်ပညာအခွင့်အလမ်းများနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်း ရွှေနန်းယန်ခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ကမာရွတ်ခရိုင်ပညာရေးမှူး ဒေါက်တာစုစုလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်က အလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ Grade-9 အတန်းမှူး ဒေါ်မိမိအေးက အလယ်တန်းအဆင့် Grade-9 ပြီးမြောက်ပြီးလျှင် ဆက်လက်သင်ကြားနိုင်သော ပညာရေး အစီအစဉ်များကို ရှင်းလင်းပြောကြားရာ ကျောင်းသားမိဘများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြစိမ်းရောင် ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ကော့သောင်း စက်တင်ဘာ ၂၂**

ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကံပုံမာတမ်းကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာလ ဒုတိယပတ်က ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ကျေးလက်မှ တာဝန်ခံဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာသည် မြစိမ်းရောင်စီမံကိန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး စိုက်ပျိုးရေး ခြောက်ဦး ငွေကျပ် ၃၆ သိန်း၊ အရောင်းအဝယ် ၁၄ ဦး ငွေကျပ် ၆၄ သိန်း၊ ရေလုပ်ငန်း ၃၈ ဦး ငွေကျပ်သိန်း ၁၉၀၊ သက်မွေးတစ်ဦး လေးသိန်းဖြင့် စုစုပေါင်း အသင်းသား ၅၉ ဦးအတွက် ငွေကျပ် ၂၉၄ သိန်းကို ထုတ်ချေးပေးခဲ့ ကြောင်း သိရသည်။

**၂၂၂**



## ဂျပန်အိမ်ရှေ့မင်းသားအာကီရှီနိုနှင့် ကြင်ရာတော်တို့ ဂျပန်-ဗီယက်နမ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၅၀)ပြည့် အခမ်းအနားသို့ တက်ရောက်

တိုကျို စက်တင်ဘာ ၂၂

ဂျပန်အိမ်ရှေ့မင်းသားအာကီရှီနိုနှင့် ကြင်ရာတော်တို့က မြို့တော်ဟနွိုင်း၌ ကျင်းပသည့် ဂျပန်-ဗီယက်နမ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၅၀)ပြည့် အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဂျပန်အိမ်ရှေ့မင်းသား အာကီရှီနိုက နှစ်နိုင်ငံပြည်သူများ၏ အဆက်မပြတ် ကြိုးပမ်းမှုများဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ကာလကြာရှည်စွာ ပြုစုပျိုးထောင်လျက်ရှိပါကြောင်း အဆိုပါအခမ်းအနားတွင် ပြောကြားသည်။ ယခုခရီးစဉ်သည် အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေမည်ဟု မျှော်လင့်ကြောင်း အိမ်ရှေ့မင်းသားအာကီရှီနိုက ပြောကြားသည်။

နှစ်နိုင်ငံအကြား ကျယ်ပြန့်သော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ဖွံ့ဖြိုးတိုးတက်မှုအသစ်ဆီသို့ ကူးပြောင်းသွားလိမ့်မည်ဟု မျှော်လင့်ကြောင်း ဗီယက်နမ်အာဏာရကွန်မြူနစ်ပါတီ၏ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ထို့ပြင် ဂျပန်အိမ်ရှေ့မင်းသားအာကီရှီနိုနှင့် ကြင်ရာတော်တို့က ဒုတိယကမ္ဘာစစ်အပြီး ပြင်သစ်လက်အောက်မှ လွတ်လပ်ရေးရရှိရေးအတွက် ဗီယက်နမ်နိုင်ငံ၌ ကျန်ရှိကာ တိုက်ပွဲဝင်ခဲ့သည့် ဂျပန်စစ်တပ်၏ သားစဉ်မြေးဆက် ၁၉ ဦးနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## နယ်ပယ်အသီးသီးတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အဆင့်မြှင့်တင်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ပြောကြား

ပြုံယမ်း စက်တင်ဘာ ၂၂

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် နယ်ပယ်အသီးသီးတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အဆင့်မြှင့်တင်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ခေါင်းဆောင် ကင်ဂျုံအန်၏ ရုရှားနိုင်ငံခရီးစဉ်ပြီးနောက် ယင်းသို့ လမ်းညွှန်မှာကြားချက် ထွက်ပေါ်လာကြောင်း မြောက်ကိုရီးယား အာဏာရအလုပ်သမားပါတီသတင်းစာ Rodong Sinmun က ဖော်ပြခဲ့သည်။ လေးနှစ်အတွင်း ကင်ဂျုံအန်၏ ပထမဆုံးခရီးစဉ်သည် စက်တင်ဘာ ၁၇ ရက်တွင် ပြီးဆုံးခဲ့သည်။

ကင်၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးကို ဗျူဟာမြောက် အဆင့်သစ်တစ်ခုသို့ ရောက်ရှိစေသည့်အပြင် ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေတွင် ကြီးမားသောအပြောင်းအလဲကို ယူဆောင်လာခဲ့ကြောင်း နိုင်ငံရေးဗျူရိုအဖွဲ့ဝင်များအား ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံကြား ကာကွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်လည်း တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေျ လာဗော့သည် ဝန်ကြီးအဆင့်ဆွေးနွေးပွဲများကျင်းပရန် မြောက်ကိုရီးယားနိုင်ငံသို့ အောက်တိုဘာလတွင် သွားရောက်ရန် စီစဉ်ထားသည်။ အဆိုပါ အစီအစဉ်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် ခိုင်မာသော အစီအစဉ်များ ပါဝင်ဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**





## ကမ္ဘာ့ဈေးကွက်တွင် ဗီယက်နမ်ကော်ဖီဈေးနှုန်း စံချိန်တင်မြင့်တက်

ဟနွိုင်း စက်တင်ဘာ ၂၂

ကမ္ဘာ့ဈေးကွက်တွင် ဗီယက်နမ်ကော်ဖီဈေးနှုန်းများ ယခုသီတင်းပတ်အတွင်း စံချိန်သစ်တင်မြင့်တက်ခဲ့ကြောင်း ပြည်တွင်းသတင်းစာ ဗွီအင်န်အိပ်စပရက်က စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

ရော်ဘစ်တာကော်ဖီ၏ ဈေးနှုန်းများသည် တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၆၈၀၀၀ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၉ ခန့်)အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ယခုနှစ် အစပိုင်းမှစပြီး ၇၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ကော်ဖီဈေးနှုန်းများ မြင့်တက်ရခြင်းမှာ လက်ရှိအချိန်တွင် ကော်ဖီရိတ်သိမ်းသည့်အချိန်သို့မရောက်ရှိသေးဘဲ ပြီးခဲ့သည့် ကော်ဖီရာသီက ထုတ်လုပ်ခဲ့သည့် ကော်ဖီများမှာလည်း အများအပြားရောင်းချခဲ့ရသဖြင့် ကုန်ပစ္စည်းပြတ်လပ်သည့် အခြေအနေသို့ ရောက်ရှိသောကြောင့်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံက တစ်နှစ်ပတ်လုံး ကော်ဖီတန်ချိန် ၁ ဒသမ ၇၂ သန်း တင်ပို့ရန် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ချမှတ်ထားသည့် ရည်မှန်းချက်ပြည့်မီခဲ့ပါက ဆယ်စုနှစ်များစွာအတွင်း ဗီယက်နမ်ကော်ဖီလုပ်ငန်းအတွက် စံချိန်တင်အရောင်းအဝယ်ဖြစ်လာမည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## တရုတ်နှင့် ကမ္ဘောဒီးယား တပ်မတော်ဆေးတပ်ဖွဲ့ဝင်များ ပူးပေါင်းလေ့ကျင့်မှုဆောင်ရွက်

ဖနောင်ပင် စက်တင်ဘာ ၂၂

တရုတ်နှင့် ကမ္ဘောဒီးယား တပ်မတော်ဆေးတပ်ဖွဲ့ဝင်များ ပူးပေါင်းလေ့ကျင့်သည့် "Peace Angel-2023" လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးတွဲဆေးကုသမှုလေ့ကျင့်ခန်းကို ကမ္ဘောဒီးယားနိုင်ငံဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားတော်ဝင်အထူးတပ်ဖွဲ့ ဌာနချုပ်တွင် စက်တင်ဘာ ၂၁ ရက်က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ယင်းလေ့ကျင့်ခန်းတွင် ကမ္ဘောဒီးယားနှင့် တရုတ်ဆေးတပ်ဖွဲ့ဝင်စစ်သည်များက သဘာဝဘေး ကျရောက်နေချိန်တွင် ဒဏ်ရာရသူများကို ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား ကုသပေးခြင်းနှင့် ကူးစက်ရောဂါထိန်းချုပ်ခြင်းတို့ကို လေ့ကျင့်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး တီဆီဟာအပါအဝင် ပြည်ပနိုင်ငံများမှ စစ်သံမှူးများတက်ရောက်ခဲ့ကြသည်။



ထိုကဲ့သို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် တပ်မတော်နှစ်ရပ်အကြား စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အစပြုသည့် ဆောင်ရွက်ချက်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ရေးသည်လည်း မိမိတို့နှစ်နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း တီဆီဟာက ပြောကြားခဲ့သည်။

### စွမ်းရည်များ မြှင့်တင်ပေး

နှစ်နိုင်ငံ တပ်မတော်များအကြား ကျန်းမာရေးကဏ္ဍဆိုင်ရာ ဖလှယ်မှုများသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးများကို ပူးတွဲလုပ်ဆောင်ရန် ၎င်းတို့၏ စွမ်းရည်များကို မြှင့်တင်ပေးသည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် တရုတ်တပ်မတော်က ကမ္ဘောဒီးယားဘုရင့်တပ်မတော်သို့ ဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော်ရှိ ဟိုတယ်တည်းခိုခ ဈေးနှုန်းများ လျှော့ချသတ်မှတ်မည်

ကိုလံဘို စက်တင်ဘာ ၂၂

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော်ရှိ ဟိုတယ်တည်းခိုခ ဈေးနှုန်းနှင့် ဟိုတယ်တွင်းရှိ အစားအသောက်ဈေးနှုန်းများကို လျှော့ချသတ်မှတ်မည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့အကြီးအကဲ ပရီယန်သာ ဖာနန်ဒိုက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

အောက်တိုဘာ ၁ ရက်မှ စတင်၍ဟိုတယ်ခများကို ဈေးနှုန်း လျှော့ချသတ်မှတ်မည်ဖြစ်ပြီး ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ခန်းတစ်ခန်းလျှင် ဒေါ်လာ ၁၀၀၊ ကြယ်လေးပွင့်အဆင့်ရှိ ဟိုတယ်ခန်းတစ်ခန်းလျှင် ၇၅ ဒေါ်လာ၊ ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်ခန်းတစ်ခန်းလျှင် ၇၅ ဒေါ်လာ စသည်ဖြင့် လျှော့ချသတ်မှတ်မည်ဖြစ်သည်။ သို့ရာတွင် တည်းခိုသူက အခန်းတွင်းရှိ ဝန်ဆောင်ခအပါအဝင် အခြားအခွန်အခများကို ထပ်မံပေးအပ်ရမည်ဟု သိရသည်။

ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်ပြီး ယခုနှစ်တွင် နိုင်ငံအတွင်းသို့ ခရီးသည်နှစ်သန်းဝင်ရောက်ရေး ရည်မှန်းချက်ထားရှိဆောင်ရွက်နေသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Su Myat Noe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၅)ရပ်ကွက်နေ ခိုင်စုသက်(ခ)စုမြတ်နိုးအား နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ “Nay Oo Aung Aung” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ အမှတ်(၃)ရပ်ကွက်နေ အောင်အောင်(ခ)ဂျင်မီအား ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် နှစ်ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ၁၈ ဒသမ ၅၁ ကီလို သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် နှစ်ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၁၈ ဒသမ ၅၁ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် သန်းစိန်(ခ)အားဝေမောင်းနှင်ပြီး အောင်ကျော်ဦး(ခ)အယောင်း လိုက်ပါလာသည့် Toyota Hilux Revo ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး ၁၄ ဒသမ ၉၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး သတင်းကွင်းဆက်အရ ယင်းနေ့ ည ၇ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဆွတ်ဆိုင်ကျေးရွာတွင် စိုင်းစမ်ငင်း၊ စိုင်းကျန်နှင့် ဆီနွန်းတို့ သုံးဦးအား ဆိုင်ကယ် နှစ်စီး၊ စိတ်ပြောင်းဆေးဝါး ၃ ဒသမ ၆ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ၁၈ ဒသမ ၅၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်းနှင့် အလားတူ လူငယ်များအား အန္တရာယ်ဖြစ်စေမည့် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချခြင်းများကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■



(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ ဥတ္တရသီရိမြို့နယ် ပန်းတင်အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်သန်းမင်းနိုင် ဦးစီးသော တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များသည် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် ပန်းတင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကိုလွင်(ဆွာ)

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဇင်ဦးဦးစီး၍ ရဲတပ်ဖွဲ့ဝင် / မိသားစု ၃၀ တို့က နမ့်ခမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၂၂ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၉-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အဂုံလိမာလသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** Weekly Sports Info
**၀၈:၃၅** ခွန်ဦးတီထွင်မှုမှသည် ကိုယ်ပိုင်အမှတ်တံဆိပ်ဆီ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၄၀** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
**၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ ‘ချုန်တွန်းနှင့် အဓိန့်ပရအငေါင်ဆိုင်’ (အပိုင်း-၁၄)
**၁၃:၃၀** MRTV National News
**၁၄:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ “လေနှင်ရာခရီး” (အပိုင်း-၂၀)
**၁၅:၁၀** မျိုးဝုဏ်တင့်စေဆိုကရေးတီးအငွေ့
**၁၆:၃၅** အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) နှစ်(၃၀)ပြည့် ပုလဲရတု ‘ပုလဲရတုမှသည်အနာဂတ်ဆီသို့စကားဝိုင်း’ (အပိုင်း-၂)
**၁၇:၃၅** Gasifier စွမ်းပကားကုန်ထုတ်လုပ်မှုတိုးတက်မြင့်မား
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း “မြင်သူသာလိုပါတယ်”
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) “ဇာတ်ညွှန်းအတိုင်းသွားပါ”
**၂၂:၁၀** ဟိုးတုန်းကကက်ဆက်ဇာတ်လမ်းများ “မြည်ချစ်သောကိုရင်ဩ” (ဇာတ်သိမ်းပိုင်း)

**mitv**

**07:02** Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
**07:09** Weekly Review
**07:26** Unique Art of Stucco Work
**07:43** Myanmar Designer Studio: Thura Lin
**08:01** News
**08:27** Welcome To Naga Land
**09:00** Quiz Time (Ep-11)
**10:01** News
**10:27** Children's Delight
**10:42** Myanmar Street Foods
**10:45** The Listening Eye
**11:01** Colourful Lotus-Shaped Candles

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ(ဆံတော်ရှင်ကျိုက်ထီးရိုး)
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ပြုံးပဒေသာ(မှတ်ပြီလားစိန်ငမ)
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ညှို့သည်လာရင်မြန်မာ့စိုးရိုးသားတဲ့လူမျိုး
**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ဒွီးမားဆန်ပြုတ်ချက်နည်း
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ကျန်းမာပျော်ရွှင်ဖွယ်ရေပေါ်စက်ဘီးစီးရင်းအပန်းဖြေမယ်
**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
စိမ်းစိုသာယာတို့စိုက်ခင်းကမ္ဘာ
**ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
သဲသောမှသဲသောအွား
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
တောင်ပေါ်ကွမ်းအကြောင်း
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အသီးအဝေါ်အဝေါ်)
**ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)**
အုံ့ပွယ်သစ္စာရှင် အောက်ချင်းမောင်နံ
**ချင်း (ဇိုမီး) (၂၂:၀၀ မှ ၂၃:၀၀)**
နွားနောက်သားဆန်ပြုတ်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ရှေ့သို့ချီမည်ပန်းတိုင်ဆီ
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၀:၄၅** လူငယ်တို့အတွက်လမ်းပြကြယ်
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၃:၁၅** Bird's Eye View
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလဲ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘အငေါင်းအသင်း’
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
**၁၀:၃၀** တရားရုံးကဦးဆောင်သည့်စေ့စပ် ဖြေရှင်းရေးစနစ်
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
**၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၄)

**MRTV FARMERS' HV**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၅** အနာဂတ်ဝင်ငွေတိုးစေဖို့ မျိုးကောင်းသရက်စိုက်ကြစို့
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၈:၀၀** အပြုရောင်ရဲ့တိုက်(အပိုင်း-၁)(ဇာတ်လမ်း)
**၁၉:၃၀** City of the Future:Singapore-Full Episode | National Geographic
**၂၂:၀၀** A Visit to Wambugu Apples Farmer in Kilimambogo
**၂၃:၀၀** When Food becomes scarce-high - tech farms of the future

**MRTV SPORTS HV**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၀** Sports Diary
**၁၆:၃၀** MNL 2022 Match (Replay)
**၁၈:၀၀** အားကစားသတင်း
**၁၉:၁၀** အားကစားလောကထဲကသူတို့အကြောင်း "Ma Poe War" (Shooting)

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့သည့်နေရာ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း စက်တင်ဘာ ၂၀ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး တွံတေးတူးမြောင်း မြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့ရာ မြစ်ကမ်းပါးအနီးတွင် ဆောက်လုပ်နေထိုင်လျက်ရှိသော နေအိမ် ၁၀ လုံးခန့် ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ နေအိမ်ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာသို့ ရန်ကုန် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သွားရောက်၍ သဘာဝဘေးအန္တရာယ်သင့် ပြည်သူများအား လွတ်ကင်းရာ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးသည်။ ထို့အပြင် ဒလမြို့နယ် တာကြီးရပ်ကွက်ရှိ ပုညာရာမကျောင်းတိုက် ဓမ္မဝိနယသာသနာ့ဗိမာန်တော်ကြီး၌ တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးအဖွဲ့က သံဃာတော်များနှင့် သဘာဝဘေးအန္တရာယ်သင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး ရေဘေးသင့် ပြည်သူများအား အားပေးစကား ပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့ (လားရှိုး)မှ စုပေါင်းသွေးလှူဒါန်း

**လားရှိုး စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့ (လားရှိုး)က (၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့ အမှတ်(၉) (ခုတင်-၁၀၀) တပ်မတော်ဆေးရုံနှင့် လားရှိုးပြည်သူ့ဆေးရုံကြီးတို့၌ ယနေ့နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်၊ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး) ရဲမှူးကြီး လှမင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေဠုသတိုး၊ အမှတ်(၆) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သက်ထွန်း၊ အမှတ်(၁၇) မှုခင်းတပ်ဖွဲ့စုမှူးရဲမှူး နေလင်းအောင်၊ သတင်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးသူရိန်ထွန်း၊ အမှတ်(၂၀) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး မျိုးထိုက်၊ အမှတ်(၁၆) လူကုန်ကူးမှုတားဆီးရေး... တားတပ်ဖွဲ့စုမှူး ရဲမှူးဝင်းညွန့်၊ လေကြောင်းရဲတပ်ဖွဲ့စုမှူး ရဲမှူး စိုးမိုးထွန်း၊ အမှတ်(၁၉)ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးညီညီနိုင်၊ အမှတ်(၅) မီးရထား တပ်ခွဲမှူး ဒုတိယရဲမှူး ဝင်းမင်းထွန်း၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့စုမှူး ရဲအုပ်ငွေထွန်းနှင့် ဆေးရုံအုပ်ကြီးတို့က တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

သွေးလှူဒါန်းပွဲတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို ဖြည့်စွက်စာများ ပေးအပ်ပြီး ပြည်နယ်ဒုတိယရဲတပ်ဖွဲ့ (လားရှိုး)မှ အမှတ်(၉) (ခုတင်-၁၀၀) တပ်မတော်ဆေးရုံအတွက် အလှူငွေကျပ်ငါးသိန်း၊ လားရှိုးပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ်ငါးသိန်း စုစုပေါင်း ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

စုပေါင်း သွေးလှူဒါန်းပွဲတွင် တပ်ဖွဲ့ဝင်အရာရှိခြောက်ဦး၊ အခြားအဆင့်၄၃ဦး၊ စာရေးဝန်ထမ်းတစ်ဦး၊ မှီခိုသူ မိသားစုဝင်နှစ်ဦး စုစုပေါင်း ၅၀ တို့ သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၂၂**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် သန်လျင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များက သန်လျင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စန်းအောင်က သွေးလှူဒါန်းသူ တပ်ဖွဲ့ဝင်များအား အာဟာရဖြည့် စွက်စာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **တင်ဝင်းတင်**

# အရာတော်မြို့၌ ဝန်ထမ်းများနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**အရာတော် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့နံနက် ၁၁ နာရီတွင် လူထုအခြေပြုဗဟိုဌာန၌ "နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ" စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။

အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နီမြင့်က ဝန်ထမ်းများ စာဖတ်စွမ်းရည်မြင့်မားလာစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ရုံးလုပ်ငန်းများကို သိရှိနားလည်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောသည်။

ထို့နောက် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ စာအုပ်တွင်ပါရှိသော အခန်း(၈) ခွင့်ခံစားခြင်း၊ အခန်း(၁၄) ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အခြေခံမူများ၊ အခန်း(၁၅) ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုများ စသည့် အကြောင်းအရာများကို အပြန်အလှန် ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

■

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက်ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



တောင်ကြီး စက်တင်ဘာ ၂၂

၂၀၂၃ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင်များအလိုက် အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားအသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး ဘင်ခရာတပ်ဖွဲ့နှင့် ပြိုင်ပွဲဝင်အမျိုးသား၊ အမျိုးသမီးအသင်းတို့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကာ ပထမပွဲစဉ်အဖြစ် တောင်ကြီးခရိုင်အသင်းနှင့် လွိုင်လင်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်မှ ၂၇ ရက်ထိကျင်းပမည်ဖြစ်ပြီး အမျိုးသားရှစ်သင်း၊ အမျိုးသမီး၁၀သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## စိုက်ပျိုးရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကြည့်ရှုစစ်ဆေး





ပြည် စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့နံနက်ပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးထားသည့် တောင်သူဦးဝင်းလှိုင်၏ ဗီယက်နမ်စပါး မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုနှင့် အနောက်လက်ခုပ်ပင် ကျေးရွာအုပ်စုရှိ တောင်သူဦးတင်ဝင်း၏ ဗီယက်နမ်မြေပဲမျိုးစေ့ထုတ် စိုက်ခင်း ရိတ်သိမ်းနေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တစ်ဧကလျှင် မြေပဲတင်း ၁၀၀ ဒသမ ၈၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်မြို့ နဝဒေးသကြားစက်ဝင်းအတွင်းရှိ တစ်ဧကလျှင် တန် ၅၀ ကျော် ထွက်ရှိသည့် အထွက်တိုး ပျဉ်းမနား(၉) ကြံသီးနှံတစ်သျှူးမျိုးပွားစိုက်ခင်းကိုလည်းကောင်း၊ မြရွာကျေးရွာအနီး ဧရာဝတီမြစ်ဘေး Jetty (ဆိပ်ခံဇောတံတား) တည်ဆောက်မည့်နေရာကို လည်းကောင်း၊ ခေတ္တရာစက်မှုဇုန်ရှိ Hight Power စပါး/ပဲအမျိုးမျိုး ခြွေလှေ့စက် ထုတ်လုပ်ရေးအလုပ်ရုံသို့လည်းကောင်း သွားရောက်ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချယ်ရီစားသောက်ကုန်လုပ်ငန်းရှိ စားဖိုဆောင်သုံး ဟင်းခတ်အမွှေးအကြိုင်အမှုန့်မျိုးစုံထုတ်လုပ်ရေးအလုပ်ရုံနှင့် လွင်သံရည်ကျိုစက်မှုလက်မှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မြစ်ကြီးနားမြို့၌ လူကုန်ကူးမှု/လူမှောင်ခိုမှုနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေး

မြစ်ကြီးနား စက်တင်ဘာ ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ လူကုန်ကူးမှု/လူမှောင်ခိုမှုနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြစ်ကြီးနားမြို့ အမှတ် (၁၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ဒုတိယတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး သိန်းထိုက်အေးက လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာများနှင့် အမှတ် (၂) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ရဲတပ်ဖွဲ့စိတ်မှ ရဲအုပ်သောင်းရွှေက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများကို အသိပညာပေးဟောပြောပြီး လူကုန်ကူးမှု/ လူမှောင်ခိုမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သတင်းရဲတပ်ဖွဲ့ အမှတ် (၁၆) တပ်ဖွဲ့ခွဲ (နယ်စပ်ဒေသ) တပ်ဖွဲ့ခွဲမှူး ဒုတိယဗိုလ်မှူးကြီးသန်းဇော်ထွန်းဦးဆောင်သည့် တင်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၉-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၅ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၃၀ | ၂၃၃၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၇၅ | ၂၆၀၅ | ၃၃၃၅ |
| 95 Ron | ၂၃၉၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၀၅ | ၂၄၄၅ | ၂၄၇၀ | ၂၄၅၀ | ၂၄၃၀ | ၂၅၃၀ | ၂၅၄၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၈၀ | ၂၄၈၅ | ၂၄၈၅ | ၂၇၁၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၆၀ | ၂၆၅၅ | ၂၆၂၀ | ၂၇၄၀ | ၂၇၃၅ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၅ | ၂၆၇၅ | ၂၉၀၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၀ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၈၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၀ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၈၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၇၇ | ၂၂၅၄ |
| 95 Ron | ၂၂၈၂ | ၂၃၆၁ |
| HSD (500 ppm) | ၂၄၆၆ | ၂၅၄၅ |
| HSD (50 ppm) | ၂၅၄၀ | ၂၆၂၀ |
| HSD (10 ppm) | ၂၅၄၀ | ၂၆၂၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၃၅၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၁-၉-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၂-၉-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



# ပုသိမ်ကြီးမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ပုသိမ်ကြီး)တွင် ယမန်နေ့ နံနက် ၁၀ နာရီက လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။

အဆိုပါစကားဝိုင်းတွင် ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။




စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ဦးဆောင်ဆွေးနွေးပြီး စိုက်ပျိုးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးက တစ်ဦးချင်း ရွေးချယ်ထားသည့် ခေါင်းစဉ်များဖြစ်သည့် မူးယစ်ဆေးဝါး အကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်း၊ ယဉ်ကျေးမှု၊ အားကစားနှင့် အပန်းဖြေခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ စီးပွားရေး ဟူသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူ နှစ်ဦးက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဆွေက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးပေးခဲ့သော ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးအား အမှတ်တရ လက်ဆောင် ပေးအပ်ခဲ့ပြီး လူငယ်စကားဝိုင်းတွင် ပါဝင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇာနည်ကိုကို(ပုသိမ်ကြီး)**

# ကလေးဝမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ကလေးဝ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးဇော်ဝင်းထွန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဦးဇော်ဝင်းထွန်းက ဦးဆောင်၍ မောင်စိုင်းခန့်ဇော်က လူငယ်နှင့်ခေါင်းဆောင်၊ မောင်ကျော်ဖြိုးဝေက လူငယ်နှင့်မျိုးချစ်စိတ်၊ မထက်နဒီခန့်က လူငယ်နှင့် အလုပ်အကိုင်အခွင့်အရေး၊ မဖြိုးသီရိဝေက လူငယ်နှင့် အနာဂတ် စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက အပြန်အလှန်မေးမြန်း ဆွေးနွေးခဲ့ကြသည်။

လူငယ်စကားဝိုင်း၌ ပါဝင်မေးမြန်း ဆွေးနွေးခဲ့သော ကျောင်းသား ကျောင်းသူများကို မြို့နယ်ပညာရေးမှူးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိတို့က ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိန္တလီမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျိန္တလီ စက်တင်ဘာ ၂၂**

ရခိုင်ပြည်နယ် ကျိန္တလီမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ ညနေပိုင်းက အ.ထ.က(ကျိန္တလီ) ရွှေကိန္နရီခန်းမ၌ ကျင်းပသည်။

ဦးစွာ အ.ထ.က(ကျိန္တလီ)မှ ဆရာမ ဒေါ်ဖြိုးဝေမွန်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဒေါ်သန်းသန်းလေးက လူငယ်မောင်မယ်များအား ကျန်းမာရေးဗဟုသုတများနှင့် အထွေထွေဗဟုသုတများရရှိစေရန်၊ အတွေးအမြင်များကို ဆွေးနွေးတင်ပြနိုင်စေရန်၊ မိမိတို့သိရှိလိုသည်များကို ရဲရဲဝံ့ဝံ့ မေးမြန်းနိုင်စွမ်းရှိစေရန် ရည်ရွယ်၍ လစဉ် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်းပြောကြားသည်။



လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် မောင်မြင့်မြတ်အောင်က "လူငယ်နှင့်မူးယစ်ဆေးဝါး"၊ မခင်ရတနာဦးက "လူငယ်နှင့် အင်တာနက်"၊ မခင်ဘုန်းလျှံက "လူငယ်နှင့်လူမှုဆက်ဆံရေး"၊ မအိမ့်သဉ္ဇာမောင်က "အင်တာနက်သုံးစွဲခြင်း၏ ကောင်းကျိုးနှင့်ဆိုးကျိုးများ" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်လင်း**




# Let's Go - VACS Yangon Travel Fair 2023 ခရီးသွားပြပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

Let's Go–VACS Yangon Travel Fair 2023 ခေါင်းစဉ်ဖြင့် ခရီးသွားပြပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Yangon Convention Center ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

"ကိုဗစ်ကာလမှာရပ်နားခဲ့ရတဲ့ ခရီးသွားလုပ်ငန်းတွေကို ပြန်လည်တိုးတက်လာစေရန်အတွက် ပထဆုံးခြေလှမ်းဖြစ်တဲ့ Let's Go–VACS Yangon Travel Fair 2023 ခရီးသွားပြပွဲကို ပြသခြင်းဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းတိုးတက်ဖို့အတွက် ခရီးသွားနဲ့ သက်ဆိုင်တဲ့ပြပွဲတွေကို ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံတွေအထိ သွားရောက်ပြသသင့်ပါတယ်" ဟု မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ပြောသည်။

ပြပွဲကြီးအတွင်း မိမိမသိသေးသည့်နေရာများ၊ ပြည်တွင်း ပြည်ပခရီးစဉ်များ၊ ဗီဇာအကြောင်းများအပြင် ဟိုတယ်ဝန်ဆောင်မှု၊ လေယာဉ်လက်မှတ်အရောင်းပြခန်းများ၊ နိုင်ငံတစ်ဝန်းက Hotel & Resort များ၊ ဒေသထွက်ထုတ်ကုန်များ၊ ခရီးသွားပစ္စည်းအသုံးအဆောင်များ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ မြန်မာ့ရိုးရာမုန့်မျိုးစုံနှင့် ပန်းချီကားတို့ကို ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ဖြင့် ပြသထားသည်။

ထို့အပြင် ကိုးကန့်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှလည်း ကိုးကန့်ဒေသခရီးသွားလုပ်ငန်းပြခန်းကို ထည့်သွင်းပြသထားပြီး ပြပွဲကို စက်တင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၅) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၅)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး ဆက်လက်၍ သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်–၂၃၄ ဦးသိန်းဇော်ဦး ဒုတိယဦးစီးမှူး ပြည်တွင်းအခွန်များဦးစီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုလည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူအမှတ်–၁၀၀ ဒေါ်သဲစုလှိုင် နည်းပြ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာနကိုလည်းကောင်း ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြ ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ တက္ကသိုလ်သင်ကြားရေး/စီမံဌာနများမှ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိက ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၂၅)သို့ သင်တန်းသား ၂၀၁ ဦး၊ သင်တန်းသူ ၂၂၈ ဦး စုစုပေါင်း ၄၂၉ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၉ ရက်မှ ဩဂုတ် ၁၈ ရက်အထိ Distance Learning ဖြင့် လည်းကောင်း၊ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၂၂ ရက်အထိ In–House Learning ဖြင့် လည်းကောင်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






# ပုသိမ်ပြည်သူ့ဆေးရုံကြီး အပတ်စဉ်(၃) အကူသူနာပြု(ပြင်ပ) ကိုးလ သင်တန်းဆင်းပွဲ ကျင်းပ

ပုသိမ် စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ အပတ်စဉ်(၃) အကူသူနာပြု(ပြင်ပ) ကိုးလ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။




သင်တန်း ဆင်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က "အပတ်စဉ်(၃) အကူသူနာပြု (ပြင်ပ) ကိုးလ သင်တန်းမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် သင်တန်းသားသင်တန်းသူ ၃၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အကူသူနာပြုပညာကို စာတွေ့၊ လက်တွေ့ လေ့လာသင်ယူပြီး အရည်အချင်းပြည့်ဝစွာဖြင့် အောင်မြင်ခဲ့ကြ၍ ထိုက်တန်သည့် အကူသူနာပြုသင်တန်းဆင်း လက်မှတ်ကို လက်ခံရယူရမည် ဖြစ်ကြောင်း၊ ပညာရေးဘက်တွင် ထူးချွန်ရုံသာမက လက်တွေ့လုပ်ဆောင်မှုစွမ်းရည်မှာလည်း မြင့်မားရန် လိုအပ်ကြောင်း၊ လူနာများအပေါ်တွင်လည်း ဝါသနာ၊ စေတနာ၊ အကြင်နာ၊ ကရုဏာ၊ စာနာမှု၊ အနစ်နာခံမှုများ စသည့် နာခြောက်နာနှင့်အတူ ပြုစုစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း" အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သူ သင်တန်းသား သင်တန်းသူများအား ဆုများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အပတ်စဉ်(၃) အကူသူနာပြု(ပြင်ပ) ကိုးလ သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သင်တန်းသား သင်တန်းသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်လေးပင်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေး

ညောင်လေးပင် စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏လမ်းညွှန်မှုဖြင့် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံတွင် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီမှစ၍ မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောကလျာက ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်ပေးခြင်း၊ သွေးချိုဆီးချိုစစ်ပေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ဆေးထိုးပေးခြင်း၊ ဆေးဝါးများ အခမဲ့ထုတ်ပေးခြင်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခဲ့ရာ အငြိမ်းစားဝန်ထမ်း ၁၃၃ ဦးအား ကုသပေးနိုင်ခဲ့သည်။ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးရုံစီမံခန့်ခွဲရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များက အနီးကပ်ကြီးကြပ်ကာ အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ယင်းမာပင်မြို့၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV)စတင်ထိုးနှံပေး



ယင်းမာပင် စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့တွင် သားအိမ်ခေါင်းကင်ဆာရောဂါကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် အသက် ၉ နှစ်မှ ၁၂ နှစ်မကျော်သော အမျိုးသမီးငယ်များအား ကျောင်းအခြေပြုအစီအစဉ်ဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) စတင်ထိုးနှံပေးလျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ထမ်းများက သားအိမ်ခေါင်းကင်ဆာရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်ဆည်မြို့ အေးမြကြည်လင်ဈေးကြီး၌ ပြည်သူ့သက်သာဈေးအရောင်းဆိုင် ဖွင့်လှစ်ရောင်းချ

ကျောက်ဆည် စက်တင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ပြည်သူ့သက်သာဈေးအရောင်းဆိုင်ကို ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေးကြီးတွင် ပဉ္စမအကြိမ်အဖြစ် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြည်သူ့သက်သာဈေးအရောင်းဆိုင်တွင် ဆန်၊ စားအုန်းဆီ၊ အမဲသား၊ ဝက်သား၊ ကြက်သားစသည့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးရာ ဈေးရောင်းဈေးဝယ်နေမှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဟိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြေ့မွန်ကံနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ ရောင်းချခဲ့သည့် အခြေခံစားသောက်ကုန်များကို ထုပ်ပိုးရောင်းချပေးရာ၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် ပလတ်စတစ်သုံးစွဲမှု ကင်းစင်ပပျောက်ရေးအတွက် ပလတ်စတစ်အစားထိုး အင်ဖက်၊ သတင်းစာစက္ကူများဖြင့် ထုပ်ပိုးရောင်းချပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



**❍ အာရှအားကစားမှ**

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ခုနစ်မျိုးတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဘောလုံး(အမျိုးသား၊ အမျိုးသမီး)၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ရိုးရာလှေ၊ မြားပစ်၊ တိုက်ကွမ်ဒိုနှင့် Esports အားကစားနည်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းအားကစားနည်းများအနက် ဘောလုံးအမျိုးသားနှင့် အမျိုးသမီးအသင်းမှာ ပြိုင်ပွဲများယှဉ်ပြိုင်နေပြီဖြစ်ပြီး ကျန်အားကစားအဖွဲ့များမှာ လာမည့်ရက်ပိုင်းအတွင်း စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယခင်က အားကစားနည်း ငါးမျိုးတွင်သာ ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း နှစ်မျိုးထပ်တိုးလာခြင်းဖြစ်ပြီး အားကစားနည်း ခုနစ်မျိုးတွင် အဖွဲ့ဝင်စုစုပေါင်း ၁၇၀ ကျော်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၁၈ အင်ဒိုနီးရှား အာရှအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ် နှစ်ခုသာ ရရှိခဲ့ပြီး ယခု အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် လေ့ကျင့်ပြင်ဆင်ထားကြောင်း သိရသည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - သော်ကြီး**

**❖ ကျောဖုံးမှ**

မြန်မာအသင်းသည် ပေးဂိုးနည်းစေရန် ခံစစ်အားပြုကစားခဲ့ပြီး တောင်ကိုရီးယားတိုက်စစ်ကို အဆင့်ဆင့်ဖျက်ထုတ်ခဲ့သည်။ ၂၄ မိနစ်တွင် တောင်ကိုရီးယားအသင်း အဖွင့်ဂိုးရခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ တောင်ကိုရီးယားအသင်းအတွက် အနိုင်ဂိုးများကို ၅၈ မိနစ်နှင့် ၆၈ မိနစ်တွင် ထပ်မံသွင်းယူခဲ့ပြီး ပွဲအပြီးတွင် သုံးဂိုးပြတ်အနိုင်ရခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

မြန်မာအသင်းသည် အုပ်စု(E)တွင် တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ ဟောင်ကောင်တို့နှင့် ပါဝင်နေပြီး အုပ်စုဒုတိယပွဲအဖြစ် စက်တင်ဘာ ၂၅ ရက်တွင် ဟောင်ကောင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

**☆ ဆီးဂိမ်းမှ**

ဆီးဂိမ်းဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ် ခြောက်ကြိမ်ဆက်တိုက်ရယူပြီး ကြီးစိုးထားသည့်စင်ကာပူနိုင်ငံသား ပီတာဂေးလ်ခရစ်ကို ကျော်ဖြတ်ကာ (၃၁)ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲနှင့် (၃၂)ကြိမ်မြောက် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ရယူနိုင်ခဲ့သည့် ပေါက်စကို အာဆီယံဒေသတွင်းနိုင်ငံများက နည်းပြအဖြစ် ဆောင်ရွက်ရန် စိတ်ဝင်စားလာပြီး ဇူလိုင်လတွင် မလေးရှားနိုင်ငံ၌ နည်းပြအဖြစ် သွားရောက်လုပ်ကိုင်ထားပြီးဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အင်ဒိုနီးရှား ဘိလိယက်ကစားသမားများကို သင်ကြားပေးရန် စက်တင်ဘာလမှစတင်ကာ လေးလစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာခဲ့ပြီး စတင်လေ့ကျင့်ပေးနေပြီဖြစ်သည်။

ပေါက်စအနေဖြင့် ပြည်ပနိုင်ငံတွင် နည်းပြအဖြစ် ဆောင်ရွက်ခွင့်ရရှိခြင်းမှာ မြန်မာဘိလိယက်သမိုင်းတွင် ပထမဆုံးဖြစ်ကြောင်း သိရသည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - MBSF**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၂

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# ကန့်သတ်မှုမရှိသောတင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနပိုင် Data Center များတွင် အသုံးပြုလျက်ရှိသည့် Cisco Firewall များအတွက် FirePower (IPS, AMP and URL) 1 Year လိုင်စင်၊ Smartnet 1 Year လိုင်စင်များသက်တမ်းတိုးခြင်းနှင့် Server များအတွက် Memory ဝယ်ယူတိုးမြှင့်ခြင်းတို့အား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ဖြင့် လည်းကောင်း၊ Server (၂)စုံ ဝယ်ယူခြင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီလုပ်ငန်းရှင်များအား သတ်မှတ်ချက်များနှင့်အညီ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံများ ထုတ်ယူရမည့် နေ့ရက်နှင့်အချိန်** | - | ၂၅-၉-၂၀၂၃ မှ ၂-၁၀-၂၀၂၃ အထိ ရုံးချိန်အတွင်း |
| (ခ) | **တင်ဒါပုံစံများထုတ်ယူရမည့် နေရာနှင့် အဆိုပြုလွှာ တင်သွင်းရမည့်နေရာ** | - | သတင်းအချက်အလက်နည်းပညာဌာနခွဲ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် (၄၆)၊ နေပြည်တော် |
| (ဂ) | **တင်ဒါအဆိုပြုလွှာ စတင်တင်သွင်းရမည့် နေ့ရက်နှင့် အချိန်** | - | ၆-၁၀-၂၀၂၃ ရုံးချိန်အတွင်း |
| (ဃ) | **တင်ဒါအဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက်နှင့် အချိန်** | - | ၁၁-၁၀-၂၀၂၃ ရုံးချိန်အတွင်း |

၂။ အသေးစိတ်အချက်အလက်များကို သတင်းအချက်အလက်နည်းပညာဌာနခွဲ၊ ဖုန်း- ၀၆၇-၃၄၃၀၄၁၉ နှင့် ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၃၀၅၃၃ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄၈)ရပ်ကွက်၊ အမှတ်(၁၂၂၁)ဟုခေါ်တွင်သည့် မြေတိုင်း ရပ်ကွက်အမှတ်-(၁၄၈)၊လူနေရပ်ကွက်(-)၊မြေကွက်အမှတ်-(၁၂၂၁)၊ဧရိယာ(၄၀ပေ×၆၀ပေ)ရှိပါမစ်မြေ အမျိုးအစား မြေကွက်နှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌါနရှိမြို့ မြေစာရင်းမှတ်တမ်းတွင်ဒေါ်ဖြူဖြူဝင်း (NTN-၀၁၂၉၃၉)၏ အမည်ဖြင့်မှတ်သားတည် ရှိပြီး မြေချပါမစ်ရရှိထားကွယ်လွန်သွားပါ၍ ဆက်ခံခွင့်ရှိသူ ဒေါ်သန္တာဝင်း (၁၂/စခန (နိုင်) ၀၃၂၄၅၆)မှ မိမိရောင်းချပိုင်ခွင့်ရှိသောမြေကွက်ဖြစ်ကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းရှင်း ကြောင်းတို့ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏ မိတ်ဆွေမှဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို (စရန်ငွေ) အဖြစ် ရောင်းချသူ ထံပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအဆိုပါ အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်သည့်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိုသဲမေ (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၂၄၀၇)
ဖုန်း -၀၉-၄၂၁၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၈၆၅၊ အကျယ်အဝန်းဧရိယာစတုရန်းပေ-၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာ-အမှတ် (၈၆၅)၊ ရွှေစလွယ်လမ်း၊ ၁၅/ရွှေပေါက်ကံရပ်ကွက်၊ ဦးညွန့်မင်း [၁၂/တမန(နိုင်)၀၉၀၂၃၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးညွန့်မင်း ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) မူရင်းမှာ မိမိလက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးခဲ့သည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ် (၅/၅၄/၂၀၂၂) (၂-၅-၂၀၂၂) နှင့် (၂၀၁၉)ခုနှစ်တွင် ဦးညွန့်မင်း မှ ဘဏ်ချေးမြေပုံ ထုတ်ယူထားပြီး အဆိုပါမြေပုံမြေရာဇဝင်မူရင်းမှာ မည်သည့်ဘဏ်တွင်မျှ အာမခံပစ္စည်းအဖြစ်ထားရှိကာ ဘဏ်ချေးငွေရယူခဲ့ရခြင်းလုံးဝမရှိဘဲ အထားအသိုမှားယွင်း ကာ ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းအစရှိသည့် ပြဿနာတစ်စုံတစ်ရာမရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ် (၆/၂၉၉၂/၂၀၂၂) (၂၇-၆-၂၀၂၂) ဂရန်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူ တင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁) ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ ရောဝဏ်ရတနာ အိမ်ရာစီမံကိန်း၊ အပိုင်း (၂)၊ ရောချမ်းသာ အဆင့်မြင့်ကွန်ဒို၊ တိုက်အမှတ် (11A)၊ (11) ထပ်၊ လူနေအိမ်ခန်းအမှတ် (245) နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းဖော်ပြလိပ်စာပါ Condo တိုက်ခန်းနှင့်ပတ်သက်၍ ရောင်းချသူ Condo တိုက်ခန်းပိုင်ရှင်များဖြစ်သည့် ဦးလှကြည် [၁၂/ဗဟန(နိုင်)၀၁၂၇၅၃] နှင့် ဒေါ်တင်တင်လှ [၁၂/ဗဟန(နိုင်)၀၁၁၂၄၁] တို့မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသော ၎င်းတို့၏ တရားဝင်အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်သူဦး [၁၂/စခန(နိုင်)၀၀၂၃၄၂] ထံမှ ကွန်ဒိုတိုက်ခန်း အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ရည်ညွှန်းဖော်ပြလိပ်စာပါ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ အထောက်အထားအခိုင်အမာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံး၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအောင်လှိုင်ဇော်** | **ဦးပြည့်ဖြိုးကျော်** |
| **(စဉ်-၅၁၁၆၆/၂၈-၅-၂၀၁၉)** | **(စဉ်-၅၄၅၂၇/၂၅-၁၁-၂၀၂၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၂၅၂၉၂၄၊ ၀၉-၄၄၁၅၆၁၂၈၀၊ ၀၉-၇၉၀၁၃၄၅၂၄**

## ရန်ကုန်တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်လီမိတက် လေလံလျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေဝါထွန်းလမ်းနှင့် ငစိန်လမ်း၊ (၂)လမ်းထောင့်ရှိ နှစ်(၆၀)မြေဂရန်ရရှိပြီးဖြစ်သော အလျား ၉၀/၁၀၀ ပေxအနံ၁၂၂ပေရှိသော စိန်သီမြ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းပိုင်မြေကွက်အား အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | လေလံလျှောက်လွှာ ရောင်းချမည့်ရက် | - | ၂၆-၉-၂၀၂၃ရက်မှ ၆-၁၀-၂၀၂၃ရက်ထိ |
| ၂။ | လေလံလျှောက်လွှာ ရောင်းချမည့်နေရာ | - | ရန်ကုန်တိုင်းဒေသကြီးသမဝါယမ အသင်းစုချုပ်၊ တိုက်အမှတ်(B2)၊ အခန်းအမှတ်(b2)၊ ရန်ကုန်-အင်းစိန်လမ်း၊ သမိုင်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ် |
| ၃။ | လေလံလျှောက်လွှာ ပိတ်မည့်ရက် | - | ၆-၁၀-၂၀၂၃ရက်(၁၆:၀၀)နာရီ |
| ၄။ | လေလံတင်ရောင်းချ မည့်ရက် | - | ထပ်မံကြေညာပါမည်။ |
| ၅။ | လေလံတင်ရောင်းချမည့် နေရာ | - | ရန်ကုန်တိုင်းဒေသကြီးသမဝါယမ အသင်းစုချုပ်လီမိတက် |

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များနှင့်ဆက်သွယ်မေးမြန်းစုံစမ်းမေးမြန်းနိုင်သည်။

ဖုန်း-၀၉-၄၀၂၃၇၇၇၄၀
၀၉-၄၂၀၇၀၂၆၀၈

**လေလံတင်ဒါထုခွဲရောင်းချရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်**

## ရှမ်းပြည်နယ်၊ ကလောမြို့နယ် မြို့နယ်သမဝါယမအသင်းစု(လီမိတက်)၊ အောင်ပန်းမြို့ လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစု(လီမိတက်)၏ အသင်းပိုင် နှစ်(၃၀) မြေငှားဂရန်ရှိ အောင်ပန်းမြို့၊ လက်မပင်ရပ်ကွက်၊ ဆရာစံလမ်းနှင့် ဆရာခေါင်းလမ်းထောင့်၊ ဦးပိုင်အမှတ်(၂)၊ မြေကွက်အမှတ်(၆)၊ မြေဧရိယာ( ၀ ဒသမ ၆၀၆) ဧကအနက်မှ မြေဧရိယာ (၀ ဒသမ ၄၃၉) ဧကကို ခွဲစိတ်ပြီး ယင်းခွဲစိတ်မြေပေါ်ရှိ သွပ်မိုး၊ သစ်ကာ၊ သစ်ခင်း၊ ပျဉ်ထောင် (၂)ထပ် အိမ်ဟောင်အဆောက်အဦ (၅၂'x ၅၂'x ၁၉')၊ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း၊ နံကပ်(၁)ထပ် ဂိုဒေါင်အဆောက်အဦ(၁၀၀'x ၃၆ 'x ၁၂')၊ သွပ်မိုး၊ အုတ်ကာ၊ အထပ်သားခင်း၊ နံကပ် (၂)ထပ် အသင်းစုရုံး အဆောက်အဦ (၆၀'x ၂၀'x ၂၀')၊ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း၊ နံကပ် (၁)ထပ် ဝန်ထမ်းအဆောက်အဦ (၄၀'x ၂၀'x ၁၂') အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| လေလံလျှောက်လွှာ ရောင်းချမည့်နေ့ရက် | - | (၂၆-၉-၂၀၂၃)ရက်မှ(၉-၁၀-၂၀၂၃) ရက်ထိ (ရုံးချိန်အတွင်း) |
| လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက် | - | (၉-၁၀-၂၀၂၃) ရက်(၁၆:၀၀)နာရီ |
| လေလံလျှောက်လွှာ ရောင်းချမည့်နေရာ | - | မြို့နယ်သမဝါယမအသင်းစုရုံး၊ လက်မပင်ရပ်ကွက်၊ ဆရာစံလမ်း၊ အောင်ပန်းမြို့ |

၂။ လေလံဝင်ရောက်ယှဉ်ပြိုင်သူများသည် အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းကို သက်သာရာလေလံတင်ထုခွဲရောင်းချရေးအဖွဲ့ထံသို့ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာများကို အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် (၉-၁၀-၂၀၂၃) ရက်(၁၆:၀၀)နာရီ နောက်ဆုံးထား၍ ကလောမြို့နယ်သမဝါယမအသင်းစုရုံး၊ အောင်ပန်းမြို့သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ **(သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)**

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးသည့်နောက်နေ့ (၁၀-၁၀-၂၀၂၃) ရက် (၁၀:၃၀)နာရီတွင် မြို့နယ်သမဝါယမအသင်းစုရုံး၊ အောင်ပန်းမြို့၌ လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဖုန်း - ၀၉-၅၂၆၁၄၇၃၊ ၀၉-၄၁၀၀၈၇၇၄၊ ၀၉-၂၅၄၆၀၁၄၉၆

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## မိဘအမည်မှန်

တွံတေးမြို့၊ အ.လ.က(ပြသတိုက်) Grade-5 တွင် ပညာသင်ကြားနေသော မထက်မြတ်မေ၏ ဖခင်အမည်မှန်မှာ စောမူးအယ်ဒို [၁၄/မအပ(နိုင်)၁၆၇၀၁၀]နှင့် မိခင်အမည်မှန်မှာ ဒေါ်လှစန္ဒာဝင်း [၁၂/တတန(နိုင်)၁၈၃၆၄၂] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၊ မြေကွက်အမှတ် -၇၇၃/က၊ ၁၂၀၀ စတုရန်းပေ ၊ မြေကွက်တည်နေရာ - အမှတ်(၇၇၃/က)၊ ဣန္ဒြာ(၈)လမ်း၊ (၄)ရပ်ကွက်၊ ဦးတင်လှိုင် [၁၂/ဥကမ (နိုင်) ၀၁၃၃၄၅] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးတင်လှိုင် (ဖခင်)သည် (၂၅-၅-၂၀၀၁)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်သန်း(မိခင်)သည် (၂၀-၅-၂၀၁၃)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့သဖြင့် ဒေါ်မာလာအေး [၁၂/ဗဟန(နိုင်)၀၁၃၄၁၆]၊ ဦးစိန်မောင် [၁၂/လသယ(နိုင်)၀၀၁၀၉၃]၊ ဒေါ်အေးအေး [၁၂/ဗဟန(နိုင်)၀၁၂၀၃၈]၊ ဒေါ်ခင်ခင် [၁၂/ဗဟန(နိုင်)၀၁၁၀၂၇]၊ ဒေါ်ခိုင်ခိုင် [၁၂/ဗဟန(နိုင်)၀၁၃၈၄၈] တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား/သမီး (၅)ဦး တော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ် - ၄၅/၂၀၂၂/ ၃-၁၀-၂၀၂၂၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာနပိုင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ စွန်ရဲအင်းမြေဧရိယာ (၃၀၀)ဧကပေါ်တွင် နို့စားနွားမွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ လုပ်ငန်းရှင်/ ကုမ္ပဏီများသို့ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား တစ်စောင်လျှင် (၁၀၀၀၀/-)ကျပ်နှုန်းဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီးပွားရေးရာ အထောက်အကူပြုဌာနခွဲ၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် (၂၅-၉-၂၀၂၃) ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူရရှိနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာ တင်သွင်းသူများအနေဖြင့် တင်ဒါအဆိုပြုလွှာများအား (၆-၁၀-၂၀၂၃)ရက် (၁၄:၃၀)နာရီ နောက်ဆုံးထား၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီးပွားရေးရာ အထောက်အကူပြုဌာနခွဲသို့ ပေးပို့တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖုန်းနံပါတ်-၀၆၇-၃၄၀၈၄၈၀၊ ၀၆၇-၃၄၁၈၄၅၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၈-လမ်း၊ အမှတ်(၅၂)နေ ဖခင် ဦးမြင့်သောင်းနှင့် မိခင် ဒေါ်တင်တင်ကြည်တို့၏ သမီးဖြစ်သူ မရတနာအောင် [၁၂/မဂတ(နိုင်)၁၀၈၀၂၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည် -

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မရတနာအောင်၏ အစ်ကိုဖြစ်သူ ကိုထက်မြင့်အောင် [၇/ဝမန(နိုင်)၁၁၂၂၇] ကိုင်ဆောင်သူသည် ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်ခဲ့ပါသောကြောင့် ယနေ့မှစ၍ အစ်ကိုအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မည်သို့မျှသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)**

| | | |
|---|---|---|
| **ဒေါ်နီနီဝင်း** | **ဒေါ်နှင်းဝေလွင်** | **ဦးထွန်းသူအောင်** |
| **(LL.B)** | **(LL.B)** | **(LL.B)** |
| **(စဉ်-၅၁၇၁၈)** | **(စဉ်-၅၄၃၀၅)** | **(စဉ်- ၅၅၆၇၄)** |

**အထက်တန်းရှေ့နေများ**
**အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊**
**အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၁-လမ်း၊ တိုက်အမှတ် ( ၁၁၄ )ဟုခေါ်တွင်သော ( ၂ )ခန်းတွဲ (၈)ထပ်အနက်မှ (ဒုတိယထပ်) ၃-လွှာ (တိုက်ကိုမျက်နှာမူ လျှင်-ညာဘက်အခြမ်း)၊ အကျယ်အဝန်း (၁၅ x ၅၀)ပေ ရှိ တိုက်ခန်း(၁)ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်လှလှထွေး [၁၂/မဂတ(နိုင်) ၀၇၂၄၀]က အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်လွင် [၁၂/ဗတထ(နိုင်) ၀၂၆၆၇၉]မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း)များဖြင့်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)**

| | | |
|---|---|---|
| **ဒေါ်နီနီဝင်း (LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **(စဉ်-၅၁၇၁၈)** | **(စဉ်-၅၄၃၀၅)** | **(စဉ်- ၅၅၆၇၄)** |

**အထက်တန်းရှေ့နေများ**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၈၈၆၀၅ ၊ ၀၉- ၅၀၆၄၉၅၉ ၊ ၀၉- ၇၈၀၀၅၄၀၆၀**

**ရောအောင်**
ဒဂုံ(၄)မြို့နယ်ရှိ မြေကွက်များနှင့် ရွှေပြည်သာ၊ ရွှေပေါက်ကံရှိ မြေကွက်များ ကာလပေါက်ဈေး ဖြင့်ဝယ်လိုပါသည်။
"အိမ်အရောက်ငွေပေးချေပါသည်။"
09-5067241

သစ်ပင်စိုက်လျှင်
